# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၇ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၇၆)


**ဒို့တာဝန်အရေး(၃)ပါး**

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## ပြည်သူ့လွှတ်တော်အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပ

# မေးခွန်း (၈)ခု မေးမြန်းဖြေကြားခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ် (၁)ခု တင်သွင်းခြင်းတို့ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၆

**ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၁၄)ဦးတို့ တက်ရောက်ကြသည်။**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော်အစည်းအဝေး တတိယနေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အစည်းအဝေး၌ မေးခွန်း (၈)ခု မေးမြန်းဖြေကြားခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ် (၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

**မေးခွန်းများမေးမြန်းဖြေကြားခြင်းကဏ္ဍ**၌ လွှတ်တော်ကိုယ်စားလှယ် (၂)ဦး၏ မီးသတ်တပ်ဖွဲ့ဆိုင်ရာ မေးခွန်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပြန်လည်ဖြေကြားသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၏ **ပျော်ဘွယ်မြို့နယ် မီးရထားသံလမ်းဂိတ် အနောက်ဘက် (၄)ရပ်ကွက်နှင့် စက်မှုဝန်ကြီးဌာန ချည်ထည်စက်ရုံနှင့် ဝါကြိတ်စက်ရုံတည်ရှိရာနေရာအတွက် မီးသတ်စခန်း(၁)ခု လိုအပ်နေပါသဖြင့် အမှတ်(၂) မီးသတ်စခန်း (၁)ခု ထပ်မံချပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပျော်ဘွယ်မြို့နယ် ပြည်သူလူထု၏ဆန္ဒအရ သင့်တော်သောမြေနေရာ၌ မီးဘေးစိုးရိမ်ရသော နေ့ရာသီတွင် မြို့နယ် မီးသတ်စခန်းရှိ တပ်ဖွဲ့ဝင်များမှ ထုတ်နုတ်အင်အားဖြင့် မီးသတ်ယာဉ်(၁)စီး ယာယီတာဝန်ချထားပြီး မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်သွားစေမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပျော်ဘွယ်မြို့ မီးရထားသံလမ်းအနောက်ဘက်ရှိ ဝါကြိတ်စက်ရုံတွင် သီးသန့်မီးသတ်တပ်ဖွဲ့ဝင် (၅)ဦးနှင့် ချည်ထည်စက်ရုံတွင် သီးသန့်မီးသတ်တပ်ဖွဲ့ဝင် (၁၁၀) ဖွဲ့စည်းထားရှိပြီးဖြစ်သဖြင့် စက်ရုံရှိ မီးသတ်တပ်ဖွဲ့ဝင်များအား အကြိုအခြေခံမီးသတ်သင်တန်းများပို့ချပြီး မီးဘေးလုံခြုံရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပျော်ဘွယ်မြို့နယ်တွင် မီးသတ်စခန်း(၁)ခု ထပ်မံဖွင့်လှစ်ရန် လျာထားချက်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၏ **မိုင်းပြင်းမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် လုံခြုံကင်းရှင်းနိုင်ရေးနှင့် ထိရောက်စွာ ကာကွယ်တားဆီးရေးအတွက် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များအား ခန့်အပ်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မိုင်းပြင်းမြို့နယ်ခွဲ မီးသတ်စခန်းသည် (၂)ယူနစ်အဆင့် မီးသတ်စခန်းဖွဲ့စည်းပုံ ခွင့်ပြုပြီးဖြစ်သည့်အပြင် လက်ရှိတွင် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် (၂)ဦး၊ မီးသတ်ယာဉ် (၁)စီး တာဝန်ချထားပြီးဖြစ်ပါကြောင်း၊ ယခုဘဏ္ဍာရေးနှစ်အတွင်း တပ်စုမှူး (၁)ဦးအပါအဝင် တပ်ဖွဲ့ဝင်(၅)ဦး ထပ်မံခန့်ထားပေးမည့်အပြင် မီးသတ်ယာဉ် (၁)စီးကိုလည်း ထပ်မံဖြည့်တင်းပေးသွားမည် ဖြစ်ပါကြောင်း၊ အလားတူ မီးသတ်ယာဉ်မရှိသေးသော မြို့နယ်များနှင့် တစ်စီးတည်းသာရှိသော *စာမျက်နှာ ၆ ကော်လံ ၁* ❖


**မြန်မာ့အလင်း** အမှတ်မထင်သတင်းမြင်ကွင်း


## မြင်ရသူအတွက် ကြည်နူးပီတိဖြစ်စရာ

**နေပြည်တော် ဇူလိုင် ၆**

ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ကျယာဉ်ထိန်းရဲတစ်ဦး ဇူလိုင် ၆ ရက် နံနက် ၈ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုသွား ကားလမ်းမကြီးဘေးရှိ လက်ပန်ခါးလှကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှေ့ ယာဉ်သွားလမ်းမပေါ်တွင် ကျောင်းသား ကျောင်းသူလေးများအား မိမိရင်သွေးပမာ လူကူးမျဉ်းကျားမှ တွဲကူလမ်းကူးပေးနေသော မြင်ကွင်းမှာ မြင်ရသူအတွက် ကြည်နူးပီတိဖြစ်စရာ. . . .။ **(၁၅၄)**



**မြန်မာ့အလင်း**

**ယနေ့ ဖတ်စရာ၊ မှတ်စရာ**


**နှစ်နှစ်သမီးလေး မျက်လုံးအတွင်း စိုက်ဝင်နေသည့် ခဲတံတစ်ချောင်း ခွဲစိတ်ဖယ်ရှားနိုင်ခဲ့** စာ ၄



**ဝင်ဘယ်ဒန်တင်းနစ်ဖလား ဗိုလ်လုပွဲ ဆီရီနာဝီလျံနှင့် ရက်ဒ်ဝမ်စကာ ယနေ့ယှဉ်ပြိုင်မည်** စာ-၅

**ရာသီတုပ်ကွေး ဂရုပြုဆင်ခြင်ရန်လိုအပ်** စာ-၁၀


# စီမံကိန်းနှစ်အလိုက် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံတကာဆက်သွယ်မှုလမ်း (၁၄) လမ်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၆**

၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အမြုံအဖွဲ့အစည်း (ASEAN Economic Community) စတင်ဆောင်ရွက်တော့မည်ဖြစ်ရာ အာဆီယံမိသားစု အချင်းချင်း ကူးလူးဆက်ဆံမှုများ ပိုများလာတော့မည် ဖြစ်သည်။

ထိုသို့ ကူးလူးဆက်ဆံမှုများအတွက် ဆက်သွယ်ယှက်နွယ်ရမည့် နိုင်ငံတကာဆက်သွယ်မှုလမ်းများလည်း များစွာလိုအပ်လာလျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် နိုင်ငံတကာဆက်သွယ်မှုလမ်း (၁၄)လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများက စီမံကိန်းနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ညီညီထွန်း(သတင်းစဉ်) - ရေးသားသည်**

အာဆီယံလမ်းမကြီး အာရှလမ်းမကြီး(AH-1)သည် စုစုပေါင်းလမ်းမိုင် ၁၀၃၄ မိုင်နှင့် တံတားပေါင်း ၃၀၈ စင်း ပါဝင်ပြီး ပြည်ထောင်စုလမ်းများဖြစ်သည့် မြဝတီ - ကော့ကရိတ် - ဘားအံ - သထုံ - ဘုရားကြီး - တောင်ငူ-ပျဉ်းမနား-မိတ္ထီလာ-မန္တလေး-မုံရွာ-ဂန့်ဂေါ-ကလေးနှင့် တမူးလမ်းပိုင်းတို့နှင့် ဆက်သွယ်ထားသည်။

အာဆီယံလမ်းမကြီး အာရှလမ်းမကြီး (AH-2)သည် စုစုပေါင်းလမ်းမိုင် ၅၀၁ မိုင်နှင့် တံတားပေါင်း ၇၆၄ စင်းပါဝင်ပြီး ပြည်ထောင်စုလမ်းများဖြစ်သည့် တာချီလိတ်-ကျိုင်းတုံ-တောင်ကြီး-မိတ္ထီလာ အထိဖြစ်၍ ၎င်းမှတစ်ဆင့် အာရှလမ်းမကြီး AH-1အတိုင်း မန္တလေး-မုံရွာ-ဂန့်ဂေါ-ကလေး-တမူးလမ်းပိုင်းတို့နှင့် ဆက်သွယ်ထားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

# မုတ်သုံလေဖိအားနည်းမြောင်းတန်းကြောင့် မြန်မာနိုင်ငံအောက်ပိုင်း မိုးပိုလာနိုင်

**နေပြည်တော် ဇူလိုင် ၆**

လက်ရှိ မိုးလေဝသခန့်မှန်းချက်များအရ မုတ်သုံလေဖိအားနည်းမြောင်းတန်း (Monsoon Trough)သည် မြန်မာနိုင်ငံအလယ်ပိုင်းသို့ တိုးဝင်နေသည့်အတွက် မြန်မာနိုင်ငံအောက်ပိုင်းတွင် မိုးပိုလာနိုင်သည့် အခြေအနေများ ရှိနေကြောင်းကို မိုးလေဝသပညာရှင်တစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

နှီးနွယ်မိုးလေဝသဖြစ်စဉ်သဘောအရ ကောင်းသောရှုထောင့်မှကြည့်လျှင် စိုက်ခင်းများအတွက် စိုက်ပျိုးရေ လုံလောက်စွာရရှိနိုင်မည်။ သို့သော် အခြားတစ်ဖက်မှ ကြည့်ရှုပါက မိုးပိုလာလျှင် *စာမျက်နှာ ၃ ကော်လံ ၅* ▲

**အောင်နိုင် (သတင်းစဉ်) ရေးသားသည်**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇူလိုင် ၇ ရက်)

# ကုန်ကြမ်းနှင့် ကုန်ချော

စက်မှုနှင့် နည်းပညာများ တိုးတက်လာသည်နှင့်အမျှ ထုတ်ကုန်ပစ္စည်းအမျိုးမျိုးတို့၌ ကုန်ကြမ်းကို ကုန်ကြမ်းအနေအထားအတိုင်း ထုတ်လုပ်ရောင်းချမှုမှာ နည်းပါးလာသည်။ Value Added ခေါ် တန်ဖိုးတက် ကုန်ချောပစ္စည်းများသာ ထုတ်လုပ်လာကြသည်။ ကုန်ကြမ်းမှ ကုန်ချောအဖြစ် ထုတ်လုပ်ရောင်းချခြင်းဖြင့် အကျိုးအမြတ်မှာလည်း အဆများစွာ တိုးတက်ရရှိလာကြသည်။

ကမ္ဘာပေါ်တွင် စက်မှုထွန်းကားသော နိုင်ငံကြီးများရှိ စီးပွားရေးလုပ်ငန်းရှင်တို့သည် ယင်းတို့၏ ကုန်ပစ္စည်းများကို ဆန်းသစ်သည်ထက် ဆန်းသစ်အောင်၊ ကောင်းမွန်သည်ထက် ကောင်းမွန်အောင် အပြိုင်အဆိုင် ထုတ်လုပ်လျက်ရှိပေသည်။ ဥပမာအားဖြင့် ကွန်ပျူတာ၊ မိုဘိုင်းလ်ဖုန်း စသော အိုင်တီထုတ်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်အမျိုးမျိုး၊ စက်မှုလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုးတို့ဖြစ်ကြသည်။ ဤသည်တို့ကို အပြိုင်အဆိုင် ထုတ်လုပ်ကြခြင်းဖြင့် ဈေးကွက်ဝေစု အပြိုင်ချဲ့ထွင်လျက်ရှိပေသည်။

ထိုနည်းတူစွာပင် စိုက်ပျိုးရေးထွန်းကားသော နိုင်ငံများကလည်း ယင်းတို့၏ လယ်ယာထုတ်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို တန်ဖိုးမြင့်ကုန်ချောပစ္စည်းများအဖြစ် ပြုပြင်ပြောင်းလဲထုတ်လုပ်ခြင်းဖြင့် ဈေးကွက်များသို့ ထိုးဖောက်လျက်ရှိကြသည်။ ဥပမာအားဖြင့် အရည်အသွေးကောင်းသောဆန်၊ အရည်အသွေးကောင်းစားသောက်ကုန်ပစ္စည်းများ အမြောက်အမြား ထုတ်လုပ်ကြပြီး ဈေးကွက်ချဲ့ထွင်လာကြသည်။ မကြာမီက စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံ၌ နာနတ်သီးများ ဇကာနှင့်ချီစိုက်သည့် စိုက်ပျိုးရေးလုပ်ငန်းရှင်တစ်ဦးသည် နာနတ်သီးများ အမြောက်အမြားထုတ်လုပ်၍ တန်ဖိုးမြင့်နာနတ်သီးခြောက်များအဖြစ် အဆင့်မြင့် ထုပ်ပိုးလျက် ဈေးကွက်များသို့ တင်ပို့ရောင်းချနေကြောင်း ရုပ်မြင်သံကြားတွင် ကြည့်ရှုလိုက်ရသည်။ ဤသည်မှာ စိုက်ပျိုးရေးလုပ်ကိုင်သူများသည် ကုန်ကြမ်းထုတ်လုပ်ရောင်းချခြင်းထက် တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချလာသည်မှာ ထင်ရှားသည်။ အလားတူ အရည်အသွေးကောင်းမွန်သော စားသောက်ကုန်ပစ္စည်းများ အဆင့်မြင့်ထုပ်ပိုးလျက် ရောင်းချလာကြပြီဖြစ်သည်။

နာနတ်သီး၊ စပျစ်သီး၊ သရက်သီး စသည်တို့မှာ ဆယ့်နှစ်ရာသီ နေရာတိုင်းတွင် ရရှိနိုင်သော သစ်သီးဝလံများမဟုတ်ပေ။ ယင်းတို့ကို အခြောက်ခံပြီး အဆင့်မြင့်ထုပ်ပိုးလိုက်သဖြင့် အချိန်မရွေး စားသုံးနိုင်သော စားသောက်ကုန်ပစ္စည်းဖြစ်သွားသည်။ အချို့မှာ ဖျော်ရည်အဖြစ် ထုတ်လုပ်လိုက်သဖြင့် နာနတ်သီးဖျော်ရည်၊ သရက်သီးဖျော်ရည်၊ ပန်းသီးဖျော်ရည် စသည်ဖြင့် အချိန်မရွေး သောက်သုံးနိုင်သည့် ထုတ်ကုန်ပစ္စည်းဖြစ်လာသည်။ ဤသို့လုပ်ကိုင်ဆောင်ရွက်ကြခြင်းဖြင့် ရာသီချိန် ရေတိုလုပ်ကိုင်ရသော စီးပွားရေးမှ ရေရှည်လုပ်ကိုင်နိုင်သည့် စီးပွားရေးလုပ်ငန်းအဖြစ် တိုးတက်ပြောင်းလဲလာသည်။

ထို့ကြောင့် ရေတိုရာသီချိန်လုပ်ကိုင်ရသော စီးပွားရေးလုပ်ငန်းမှ ရေရှည်အကျိုးဖြစ်ထွန်းစေနိုင်သည့် စီးပွားရေးလုပ်ငန်းအဖြစ် တဖြည်းဖြည်းပြောင်းလဲကြရပေမည်။ လိုအပ်သည့်နည်းပညာနှင့် အရင်းအနှီးကို တဖြည်းဖြည်းရရှိအောင်ကြိုးစားပြီး ကုန်ကြမ်းရောင်းချမှုအဆင့်မှ ကုန်ချောထုတ်လုပ်ရောင်းချမှုအဆင့်သို့ တိုးတက်ပြောင်းလဲရန်လိုအပ်သည်။ တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းဖြင့် ပြည်သူများ၏အကျိုးစီးပွားသာမက နိုင်ငံတော်၏အကျိုးစီးပွားပါ တိုးတက်လာမည်ဟု ယုံကြည်မိပါသည်။ ။



## အထူးအထွက်တိုးစပ်မျိုးစပါးပုလဲသွယ် ဓနုဖြူမြို့နယ်၌ မျိုးစေ့ချပွဲကျင်းပ

ဓနုဖြူ ဇူလိုင် ၆

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ရေလဲကျေးရွာအုပ်စုရှိ တောင်သူ ငါးဦး၏ လယ်ဧက ၁၀ ဧကတွင် စပ်မျိုးစပါးပုလဲသွယ်မျိုးစေ့ချပွဲကို ဇူလိုင် ၁ ရက်ကကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှမြင့်က ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်နည်းကို လက်တွေ့ပြသပြီး သိပ္ပံနည်းကျ ၁၄ ချက်ကို အသေးစိတ် ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်မောင်ဝင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများ တက်ရောက်ကြည့်ရှုလေ့လာကြသည်။ ဓနုဖြူမြို့နယ်တွင် အထူးအထွက်တိုးစပ်မျိုးစပါးပုလဲသွယ် ၃၅ ဒသမ ၀၀ ဧကအတွက် ပျိုးထောင်ပြီးဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် စိုက်ပျိုးရေး)**

## ထူးချွန်ကျောင်းသားများအား လောင်းလုံမြို့နယ်၌ ဂုဏ်ပြု

ထားဝယ် ဇူလိုင် ၆

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံမြို့နယ် သကျက်တောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် မိဘဆရာအသင်း အစည်းအဝေးနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်မြင့်မားအောင် သင်ကြားပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၉ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဂင်ယုက အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင် နာယကခြိမ်နေဂျာ ဦးဉာဏ်စိုးက ဂုဏ်ပြုဆု ချီးမြှင့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နှစ်ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင်လေးဦးတို့အားလည်းကောင်း၊ စွမ်းစွမ်းတမံအားစိုက်သင်ကြားပေးသော ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ ဆရာမ ၃၇ ဦးတို့ အားလည်းကောင်း တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ခဲ့ကြသည်။ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၃၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၂၇ ဦး အောင်မြင်ခဲ့သည်။ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်ကလည်း တိုင်းဒေသကြီးအဆင့်တွင် အောင်ချက်အကောင်းဆုံးရရှိထားသောကျောင်းဖြစ်ကြောင်း သိရှိရသည်။ **(၁၅၁)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ဒုတိယဝန်ကြီး ဦးစိုးတင့် လမ်း၊ တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်သည် ဇူလိုင် ၁ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး သရက်ခရိုင် အင်ဂျင်နီယာမှူးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အောင်လံမြို့နယ် အင်ဂျင်နီယာရုံး၊ အောင်လံ-မကွေးလမ်းပိုင်းအား B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော Max Myanmar ကုမ္ပဏီမှ လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ကိုးပင်-သစ်ရာကောက်-စမ်းမကြီးလမ်းနှင့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းတစ်လျှောက် လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇူလိုင် ၆

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ပထမအကြိမ်နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဇူလိုင် ၁၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမ၌ကျင်းပမည်ဖြစ်ရာ အစည်းအဝေးနှင့်အတူ ဆန်စပါးနှင့် ဆက်စပ်သည့်ပြခန်းများကိုလည်း ထည့်သွင်းပြသမည်ဖြစ်သည်။

ထို့နောက် နှစ်ပတ်လည်အစည်းအဝေးအထိမ်းအမှတ်အဖြစ် လယ်တောသူအလှမယ် (Miss Farmer Contest) ရွေးချယ်ပွဲကို ဇူလိုင် ၁၅ ရက် (တနင်္ဂနွေနေ့)တွင် မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(၁၆၈)**

## နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ကော့ကရိတ် ဇူလိုင် ၆

မိုးပွင့်အဆင့်(၃)စီမံချက်ဖြင့် နေ့ချင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား အခမဲ့ ကွင်းဆင်းထုတ်ပေးခြင်း လုပ်ငန်းကို ကော့ကရိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးညိုညိုသန်းနှင့် ဝန်ထမ်းများ ဇွန် ၃၀ ရက်က ကော့ဝါလဲကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဆောင်ရွက်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းတို့ ကြည့်ရှုအားပေးခဲ့ကြသည်။ ထိုနေ့က ဆောင်ရွက်ပေးခဲ့သော နေ့ချင်းပြီးအခမဲ့ နိုင်ငံသားစိစစ်ရေးကတ် ၁၈၆ ကတ်ကို တာဝန်ရှိသူများက ပြည်သူတစ်ဦးချင်းစီသို့ ပေးအပ်ကြသည်။ ကျန်ကျေးရွာအုပ်စုများသို့လည်း ဆက်လက်ကွင်းဆင်း၍ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် လဝက)**

## စက်ရေတွင်းနှင့် ဗလာစာအုပ်များ အမကကျောင်းသို့ လှူဒါန်း

အင်္ဂပူ ဇူလိုင် ၆

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် သင်္ကယ်တန်းကျေးရွာ အုပ်စု လေးအိမ်တန်းကွက်သစ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ စက်ရေတွင်းနှင့် ဗလာစာအုပ်များလှူဒါန်းပွဲကို ဇွန် ၃၀ ရက်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်နေ အလှူရှင် ဦးစိုးနိုင်၊ ပြည်ထောင်စုရွှေနေရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းဝေနှင့် အလှူရှင် ဒေါ်ဆွေဆွေဝင်းတို့က အမကကျောင်း တာဝန်ရှိသူများထံ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

အခမ်းအနားတွင် အလှူရှင်ဦးစိုးနိုင်က လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားပြီး ဗလာစာအုပ် ဒါဇင် ၄၀၊ အမျိုးသမီးဝတ်အင်္ကျီအထည် ၅၀ နှင့် စက်ရေတွင်းအတွက် အလှူငွေများကို ပေးအပ်သည်။ ထို့အပြင် ဟင်္သာတမြို့နယ် သင်္ကယ်ပြင်ကျေးရွာအုပ်စု သာယာစုကျေးရွာ မူလတန်း ကျောင်းသို့လည်း ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၄၀ နှင့် ဝတ်စုံ ၅၀ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(၀၇၅)**

## လေးမျက်နှာမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

လေးမျက်နှာ ဇူလိုင် ၆

သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်တွင် ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက ပန်းတောကြီး-ခတ္တူကားလမ်းဘေးဝဲယာ၌ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းနှင့် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်တို့က အမှာစကားပြောကြားပြီး သစ်တောဦးစီးအရာရှိ ဦးစိုးတင့်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ပျိုးပင်များပေးအပ်ကာ ကျွန်းပင်ပေါင်း ၁၈၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **(အောက်ပုံ)**

လေးမျက်နှာမြို့နယ်အတွင်း စိမ်းလန်းစိုပြည်ရေးအတွက် ကျွန်းပင်နှင့်သစ်မာပင်ပေါင်း ၅၂၅၀၀ကို ၂၀၁၂ ခုနှစ်တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**



## ပညာရည်ချွန်ဆုနှင့် ထောက်ပံ့ငွေချီးမြှင့်ပွဲကျင်းပ

ဟင်္သာတ ဇူလိုင် ၆

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့ လယ်တီကွင်းရပ်ကွက် အမက(၁၉)၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ထောက်ပံ့ငွေချီးမြှင့်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပေးအပ်ပွဲကို ဇွန် ၂၂ ရက် မွန်းလွဲ ၁ နာရီက အမက (၁၉)၌ ကျင်းပသည်။ **(အောက်ပုံ)** အခမ်းအနားတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးက ထောက်ပံ့ချီးမြှင့်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ကြီးက ကျောင်းဝတ်စုံ အစုံ ၃၀၊ လယ်တီကွင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဗလာစာအုပ် ၁၄၀၊ ကွန်ပါဘူး ၇၅ ဘူး၊ မြဝတီရပ်ကွက်အုပ်ချုပ်ရေးမှူးက ဗလာစာအုပ် ၆၀၊ ဟင်္သာတတက္ကသိုလ်က ဗလာစာအုပ် ၁၂၀၊ ခဲတံအချောင်း ၁၂၀၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ကငွေကျပ် ကိုးသောင်း၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက ဗလာစာအုပ် ၂၇၁ အုပ်နှင့် ငွေကျပ် ၂၀၇၀၀ တို့ကို ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(၀၇၅)**

## ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ သစ်တောရပ်ကွက်ပြည်သူများနှင့် အလှူရှင်များစုပေါင်း၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ပွဲနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းနှင့် ငွေကြေးများ ထောက်ပံ့ပွဲကို ဇွန် ၂၈ ရက် မွန်းလွဲ ၂ နာရီက အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။



အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ်ပညာရေးမှူးဒေါ်ဆွေဆွေလှဲ့၊ မြို့နယ်သာသနာရေးဦးစီးမှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွဋ်လွင်တို့က အမှာစကားပြောကြားကြပြီး သစ်တောရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်စိုးက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းဆင်းအောင်လက်မှတ်များနှင့် ကျောင်းသုံးပစ္စည်း၊ ငွေကြေးများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# ထူးချွန်ဝန်ထမ်းကောင်းများ ပေါ်ထွန်းလာစေရေး မိမိတို့ ကဏ္ဍ၊ ဌာနအလိုက် ဂုဏ်ပြုလုပ်ဆောင်ပေး

နေပြည်တော် ဇူလိုင် ၆

၂၀၁၁-၂၀၁၂ ခုနှစ် စိုက်ပျိုးရာသီအတွင်း ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းကောင်းများနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တက်ရောက် အမှာစကားပြောကြားရာတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသော နိုင်ငံ့ဝန်ထမ်းအားလုံးကိုလည်း ဂုဏ်ပြုဆုချီးမြှင့်ထိုက်သူများ ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များကလည်း မိမိ၏ လုပ်ငန်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ပြီး တိုင်းချစ်၊ ပြည်ချစ်စိတ်ဓာတ်ရှိ၍ တောင်သူလယ်သမားများအကျိုးအတွက် အားစိုက်ကြိုးပမ်း ထမ်းဆောင်နေကြသော ထူးချွန်ဝန်ထမ်းကောင်းများ ပေါ်ထွန်းလာစေရေးအတွက် မိမိတို့ ကဏ္ဍ၊ ဌာနအလိုက် ဂုဏ်ပြုလုပ်ဆောင်ပေးကြရန် တိုက်တွန်းလိုကြောင်း။

## တိုးတက်လာ

နိုင်ငံတော်သမ္မတက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို အတိအလင်းကြေညာပြီး လုပ်ငန်းများ ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ နိုင်ငံဝန်ထမ်းများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး လူတစ်ဦးချင်းစီ၏ ဝင်ငွေကို အစိုးရသစ်ကာလအတွင်း (၂)ဆအထက် တိုးတက်စေရန် တိတိကျကျခိုင်ခိုင်မာမာ ရည်မှန်းချက်ချမှတ်၍ ကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို အလေးအနက်ထား ပြောကြားလိုကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေများ၊ နိုင်ငံခြားချေးငွေအကူအညီများကို အလားအလာရှိသည့် ကဏ္ဍနယ်ပယ်များတွင် ထိထိရောက်ရောက် မှန်ကန်စွာ စနစ်တကျ ရင်းနှီးမြှုပ်နှံဆောင်ရွက်ခြင်းဖြင့် မလွဲမသွေ တိုးတက်လာမည်ဖြစ်ကြောင်း။

ဥပမာအားဖြင့် ကြံသီးနှံများ မူလတစ်တန် ငွေကျပ် ၁၅၀၀၀မှ ငွေကျပ် ၃၀၀၀၀ ထိ ဈေးတက်လာ၍ တောင်သူများ ဈေးနှုန်းနှစ်ဆရရှိလာပြီး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် မူလအထွက်တန် ၂၀ခန့်မှ တန် ၄၀ထွက်ရှိလာရာ အထွက်နှုန်း နှစ်ဆတိုးတက်လာကြောင်း၊သကြားစက်များလည်း ကုန်ကြမ်းများစွာရရှိလာ၍ မူလထက်နှစ်ဆ ပိုမိုကြိတ်ဝါးနိုင်လာပြီး ကုန်ချောသကြား ပိုထုတ်လာနိုင်၍ လုပ်ငန်းရှင်များ တွက်ခြေကိုက်လာသဖြင့် နိုင်ငံတော်အတွက်လည်း အခွန်အခများ တိုးမြှင့်ရရှိလာကြောင်း။

ထိုနည်းတူစွာ ဆန်စပါးကဏ္ဍတွင်လည်း အစ-အလယ်-အဆုံး ဆောင်ရွက်ပေးခြင်းအားဖြင့် လက်တွေ့စံနမူနာပြ အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ ယခင်က တစ်ဧကအထွက်နှုန်း တင်း ၇၀-၈၀ခန့်မှ မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးခြင်း၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များဖြင့် ဆောင်ရွက်ခြင်းတို့ကြောင့် တစ်ဧက တင်း ၁၅၀ အထက် ထွက်ရှိလာခဲ့ကြောင်း၊ ပုလဲသွယ်စပါးဈေး တင်း ၁၀၀ လျှင် ငွေကျပ် လေးသိန်းဈေးရရှိ၍ မူလထက်ဈေးနှုန်း နှစ်ဆရရှိလာပြီဖြစ်ကြောင်း၊ ထို့အတွက် မကြာတော့သောကာလတွင် ဆန်စပါးကဏ္ဍဖွံ့ဖြိုးမှု မလွဲကေန်တိုးတက်လာမည်ဖြစ်ကြောင်း။

ယနေ့အချိန်ကာလသည် တောင်သူလယ်သမားများ၊ လုပ်ငန်းရှင်များ၊ နိုင်ငံတော်အစိုးရဝန်ထမ်းများ (Private- Public- Partnership) ဖြင့် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ရေမြင့်လျှင်ကြာတင့်သကဲ့သို့ တောင်သူလယ်သမားများ အပါအဝင် ဝန်ထမ်းများ၏ လူနေမှုဘဝအဆင့်အတန်း နှစ်ဆတိုးတက်လာမည်မှာ မလွဲကေန်ဖြစ်ကြောင်း။

## ကြိုးပမ်းအားထုတ်

ပညာရည်ထူးချွန်သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုထိုက်သူကိုဂုဏ်ပြုရသော မင်္ဂလာတရားတော်နှင့်အညီ ချီးမြှင့်ရ၍ ဝမ်းမြောက်ကြောင်း၊ ရရှိပြီးသော အခြေခံကောင်းများကို အရှိန်အဟုန်မလျှော့စေဘဲ အပတ်တကုတ်ကြိုးစားကြရမည် ဖြစ်ကြောင်း၊ ထူးချွန်ထက်မြက်ပြီး တိုင်းပြည်တာဝန်များကို ပခုံးပြောင်းတာဝန်ယူကြရမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ နိုင်ငံ့ခေါင်းဆောင်များဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရန်လိုအပ်ကြောင်း တိုက်တွန်း ပြောကြားသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က သင်တန်းများတွင် ထူးချွန်ဆုရသူများနှင့် စိုက်ပျိုးရာသီအတွင်း ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပထမဆုရ ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် ဒုတိယဝန်ကြီး ဦးအုန်းသန်းတို့က ဒုတိယဆုရ ဝန်ထမ်းသုံးဦးနှင့် တတိယဆုရ ဝန်ထမ်းသုံးဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့်ခြောက်ဘာသာဂုဏ်ထူးရ ကျောင်းသူခြောက်ဦးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

## ပေးအပ်ချီးမြှင့်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၏ ဇနီးဒေါ်ခင်သန့်စင်က ငါးဘာသာဂုဏ်ထူးရ ကျောင်းသူ ခြောက်ဦးအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းက ငါးဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ခြောက်ဦးအား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက သုံးဘာသာနှင့်အောက်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဝန်ထမ်းမိသားစုများအတွက် ပညာရေးငွေပဒေသာပင်များအဖြစ် ကျော်ထက်ကျော် ကုမ္ပဏီက ငွေကျပ် သိန်း၁၀၀၊ စူပါကော်ဖီမစ် ကုမ္ပဏီက ငွေကျပ်သိန်း ၅၀နှင့် မြန်မာ့သြဘာလုပ်ငန်းစု ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၀သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီး ဦးအုန်းသန်းက လက်ခံသည်။

ထို့နောက် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့အခမ်းအနားတွင် ထူးချွန်ဝန်ထမ်းများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား စုစုပေါင်း ငွေကျပ် ၁၂၃၆၀၃၀၀ကို ဂုဏ်ပြုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၂၀၁၁-၂၀၁၂ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

# အမေရိကန်ပြည်ထောင်စုဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးခန့်အပ်

နေပြည်တော် ဇူလိုင် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ် ဦးသန်းဆွေအား အမေရိကန်ပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

▲ ရှေ့ဖုံးမှ

ပျိုးခင်းများအတွက် ရေလျှံနစ်မြုပ်မှု အန္တရာယ်များရှိလာနိုင်သည်ကိုလည်း သတိပြုရန်လိုအပ်ကြောင်း သိရှိရသည်။

ဇူလိုင်နှင့် ဩဂုတ် နှစ်လသည် မိုးလယ်ကာလဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံအထက်ပိုင်းတွင် မိုးပိုမိုရွာသွန်းမှုများဖြစ်ပေါ်လျက်ရှိပြီး ယခုလ ၅ ရက်နေ့၏ မိုးလေဝသတိုင်းထွာချက်များအရ မန္တလေး၊ စစ်ကိုင်း၊ ပခုက္ကူနှင့် ညောင်ဦးမြို့များတွင် မြစ်ရေအခြေအနေသည် စိုးရိမ်ရေမှတ်အနီးသို့ ရောက်လုနီးနီးရှိခဲ့ကြောင်း လေ့လာသိရှိရသည်။

## ပြောကြား

"မုတ်သုံလေအင်အားနဲ့ အလယ်ပိုင်းဒေသမှာရွာတဲ့မိုးဟာ ပြောင်းပြန်ဆက်စပ်ဖြစ်ပေါ်မှုရှိတာကို ပြည်သူများ သိစေချင်ပါတယ်။ မုတ်သုံလေအားကောင်းမှုကြောင့် မိုးကြီးခြင်း၊ ရေကြီးခြင်းဖြစ်စဉ်တွေကို ဂရုပြုရမှာဖြစ်သလို မုတ်သုံလေပြတ်တောက်ခြင်းကြောင့် စိုက်ပျိုးရေးကဏ္ဍတွေ၊ အထူးသဖြင့် စပါးအောင်ရေကို မထိခိုက်အောင် ထိန်းသိမ်းဆောင်ရွက်သွားကြဖို့ ဂရုပြုစေချင်ပါတယ်" ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ကျော်က သတိပေးပြောကြားသည်။

စိုက်ပျိုးရေးကို အဓိကထားနေကြရသည့် မိမိတို့နိုင်ငံ ပြည်သူများအနေဖြင့် ပစ္စက္ခကာလ၏ မုတ်သုံလေအင်အားအပေါ် မူတည်ကာ လက်ရှိရွာသွန်းသည့် မိုးရေများကို ထိန်းသိမ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်အောင် ကြိုးပမ်းသင့်ကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

# ဓာတ်လိုက်မှုအန္တရာယ် လျှော့နည်းကင်းရှင်းရေး ပြည်သူများအားပညာပေး ဓာတ်အားလိုင်းတစ်လျှောက် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း၊ ဓာတ်တိုင်များတည့်မတ်

နေပြည်တော် ဇူလိုင် ၆

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး သင်တန်းခန်းမ၌ ကျင်းပသော မြို့နယ် လျှပ်စစ်အင်ဂျင်နီယာသင်တန်း အမှတ်စဉ် (၂/၂၀၁၂) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

## အံဝင်ခွင်ကျ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတစ်ဦး အနေဖြင့် စီမံ၊ ဘဏ္ဍာ၊ ပစ္စည်းစီမံရေး ဘာသာရပ်များအပြင် အင်ဂျင်နီယာပိုင်းဆိုင်ရာ ဘာသာရပ်များဖြစ်သည့် ကောင်းကင်ဓာတ်အားလိုင်းတည်ဆောက်ခြင်း၊ ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းနှင့်ထိန်းသိမ်းခြင်း၊ လျှပ်စစ်စမ်းသပ်ကိရိယာများ အသုံးပြုခြင်း၊ ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းစေမည့် နည်းလမ်းများ၊ မြေအောက်ဓာတ်ကြိုး အသုံးပြုခြင်း၊ Earthing System များ အကြောင်း စသည်တို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ပြီးဖြစ်သည့်အတွက် မိမိတို့၏ လုပ်ငန်းခွင် အတွေ့အကြုံ၊ မိမိတို့၏ တွေးခေါ်ဆင်ခြင်ဉာဏ်များနှင့် ပေါင်းစပ်ပြီး အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ မူဝါဒသဘောထားများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သစ်၏ လမ်းညွှန်ချက်ဖြစ်သော Good Governance, Clean Government ဖြစ်လာအောင် တာဝန်ထမ်းဆောင်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းတိုင်းတွင် သင်ကြားခဲ့သည့်ပညာ၊ ပင်ကိုအရည်အချင်း၊ လုပ်ငန်းစွမ်းဆောင်နိုင်မှုများ ကိုယ်စီရှိကြကြောင်း၊ ယင်းစွမ်းအားများကို လုပ်ငန်းခွင်၌ အကျိုးရှိရှိ အံဝင်ခွင်ကျ အသုံးချနိုင်မှသာ ဝန်ကြီးဌာန၏ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း။

ဓာတ်လိုက်မှုအန္တရာယ် လျှော့နည်းကင်းရှင်းရေးအတွက်လည်း ပြည်သူများ ဗဟုသုတဖြစ်အောင် ပညာရေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ကြော်ငြာများဖြင့် အသိပေးသည့်အပြင် လက်တွေ့တွင်လည်း ဓာတ်လိုက်မှုအန္တရာယ် လျှော့နည်းပပျောက်ရေး သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ဆားဗစ်ကြိုးများ လဲလှယ်/ မြှင့်တင်ခြင်း၊ ဓာတ်အားလိုင်းများ စစ်ဆေးပြုပြင်ထိန်းသိမ်းခြင်း၊ ဓာတ်အားလိုင်းတစ်လျှောက် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်တိုင်များ တည့်မတ်ခြင်း၊ သစ်သားတိုင်/ တန်းများ လဲခြင်းစသည့် လုပ်ငန်းများကို စီမံချက်ဖြင့် အဆက်မပြတ်လုပ်ဆောင်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

## ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် ဝန်ထမ်းများအား ဆုများပေးအပ်ချီးမြှင့်ပြီး လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်က သင်တန်းသား ခေါင်းဆောင်ထံ သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာသင်တန်းအမှတ်စဉ် (၂/၂၀၁၂) တွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# မုတ်သုံလေအားကောင်းမည်

နေပြည်တော် ဇူလိုင် ၆

**ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် နေရာစိပ်စပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၆ ဒသမ ၅၄လက်မ၊ ဘားအံမြို့တွင် ၅ ဒသမ ၃၅ လက်မ၊ ပေါင်မြို့တွင် ၄ ဒသမ ၆၁ လက်မ၊ နမ့်စန်မြို့တွင် ၂ ဒသမ ၈၃ လက်မ၊ မြောက်ဦးမြို့နှင့် သထုံမြို့တို့တွင် ၂ ဒသမ ၇၆ လက်မစီတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေအားကောင်းမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

# မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော် တမူးခရိုင်၌ ကျင်းပ

တမူး ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခမ်းပါတ်မြို့နယ်ခွဲ သစ်တောဦးစီးဌာနက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၅ရက် နံနက် ၇ နာရီခွဲက ကလေး-တမူးကားလမ်းဘေး နန်းကတိတ်-နန်းခေါက်ခေါက် ကျေးရွာကြား၌ကျင်းပရာ ခမ်းပါတ် မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးချန်ဖီယာန်နှင့်ဌာနဆိုင်ရာများ၊ တမူးခရိုင် တမူးမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးကျော်ကျော်ဆင့်နှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက ကျွန်း ၃၀၀၊ ပျဉ်းကတိုး ၁၇၀၊ မျောက်ငို ၁၃၀ စုစုပေါင်း အပင် ၆၀၀တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

# အသက်အရွယ်ကြီးမှ အိမ်ထောင်ပြုသူ စင်ကာပူ၌ တဖြည်းဖြည်းများပြားလာ

စင်ကာပူ ဇူလိုင် ၆

**စင်ကာပူနိုင်ငံတွင် အသက်အရွယ်ကြီးမှ အိမ်ထောင်ပြုသည့် အမျိုးသား အမျိုးသမီးဦးရေသည် ၂၀၀၆ ခုနှစ်မှစတင်ကာ တဖြည်းဖြည်းများပြားလာလျက်ရှိကြောင်း၊ ထိုသို့ အသက်အရွယ်ကြီးမှ လက်ထပ်မှုအနေအထားသည် ၂၀၁၁ ခုနှစ်အရောက်တွင် ပျမ်းမျှအသက် ၃၀ ဒသမ ၁ နှစ်အထိရောက်ရှိလာကြောင်း စင်ကာပူနိုင်ငံရှိ နေ့စဉ်ထုတ် သည်စထရိတ်တိုင်းမ်သတင်းစာ၌ ဇူလိုင် ၆ ရက်က ဖော်ပြသည်။** (အောက်ပုံ)

၂၀၀၆ ခုနှစ်မတိုင်မီက စင်ကာပူနိုင်ငံတွင် အမျိုးသား အမျိုးသမီးတို့၏ အိမ်ထောင်ပြုသည့်အသက်အရွယ်သည် ၂၇ နှစ်မှ ၂၈ နှစ်အတွင်းဖြစ်ကြသည်။

**ဖော်ပြထား**

သို့သော် ၂၀၀၆ ခုနှစ်မှစတင်ကာ အိမ်ထောင်ပြုကြသည့် အသက်အရွယ်သည် ပျမ်းမျှ ၂၉ ဒသမ ၇ နှစ်အထိရှိလာကြောင်း စင်ကာပူနိုင်ငံလူဦးရေဆိုင်ရာ စာရင်းအင်းဌာနမှ သတင်းများကို အခြေခံကာ သည်စထရိတ်တိုင်းမ်သတင်းစာ၌ ဖော်ပြထားသည်။

သို့ရာတွင် စင်ကာပူနိုင်ငံ၌ လက်ထပ်ကြသည့်စုံတွဲများဦးရေမှာ ၂၀၁၀ ခုနှစ်က ၂၄၃၆၃ တွဲရှိခဲ့ပြီး ၂၀၁၁ ခုနှစ်၌ လက်ထပ်ကြသည့်စုံတွဲများမှာ ၂၇,၂၅၈ တွဲရှိခဲ့ရာ အိမ်ထောင်ပြုကြသည့်စုံတွဲဦးရေ များပြားခဲ့သည်။ ထို့အတူ စင်ကာပူနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှစတင်ကာ လင်မယားကွာရှင်းပြတ်စဲကြသည့်ဦးရေ တိုးတက်များပြားခဲ့ရာ ၂၀၀၆ ခုနှစ်၌ ဇနီးမောင်နှံအတွဲပေါင်း ၇၃၃၈ တွဲ ရှိခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ဇနီးမောင်နှံစုံတွဲပေါင်း ၇၆၀၄ တွဲတို့ ကွာရှင်းခဲ့ကြသည်။ **(အင်တာနက်)**





# နေတိုးရေတပ် မြေထဲပင်လယ်သို့ရွေ့

**အစ္စတန်ဘူလ် ဇူလိုင် ၆**

နေတိုးစစ်သင်္ဘောများသည် ဒေသတွင်းအကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ စစ်ဆင်ရေးများအတွက် တူရကီနိုင်ငံ အစ္စတန်ဘူလ်မှ မြေထဲပင်လယ်သို့ထွက်ခွာသွားကြောင်း တူရကီနိုင်ငံထုတ် ဟာရီယက်နေ့စဉ်သတင်းစာက ဖော်ပြသည်။

နေတိုးစစ်သင်္ဘောအုပ်တွင် တူရကီနိုင်ငံမှ ကီစီဂျီဂါဒစ်၊ ပြင်သစ်နိုင်ငံမှ ကော်ဘီနှင့်ဂျာမနီနိုင်ငံမှ ဘေယန်စစ်သင်္ဘောများအပြင် အစောင့်လိုက်သင်္ဘောသုံးစင်း လိုက်ပါသွားသည်။ အဆိုပါစစ်သင်္ဘောများ **(ဝဲပုံ)**တွင် ရေတပ်မှ တပ်ဖွဲ့ဝင် ၅၄၅ ဦး လိုက်ပါသွားကြောင်း ဇူလိုင် ၅ ရက်ထုတ်သတင်းစာတွင် ဖော်ပြပါရှိသည်။

အဆိုပါ နေတိုးစစ်သင်္ဘောအုပ်စုကို ဂျာမနီမှ ဒုတိယ ရေတပ်ဗိုလ်ချုပ်ကြီး သော်စကင်ကာလာက ဒေသတွင်းအကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ဦးစီးကွပ်ကဲလျက်ရှိသည်။

**(အင်တာနက်)**

# နှစ်နှစ်သမီးလေးမျက်လုံးအတွင်း စိုက်ဝင်နေသည့်ခဲတံတစ်ချောင်း ခွဲစိတ်ဖယ်ရှားနိုင်ခဲ့

**လန်ဒန် ဇူလိုင် ၆**

ဗြိတိန်နိုင်ငံတွင် နှစ်နှစ်သမီးလေးတစ်ဦး ကံနိမ့်ပါး၍ အခိုက်မသင့်သဖြင့် ခဲတံတစ်ချောင်း မျက်လုံးအိမ်အတွင်း စိုက်ဝင်သွားပြီး ဦးနှောက်ကို ဖောက်ဝင်ခဲ့သည်။ သို့သော် အဆိုပါခဲတံကို ဆရာဝန်များက ခွဲထုတ်ဖယ်ရှားပြီးနောက် ၎င်းသမီးငယ်လေးမှာ အသက်ရှင်လျက်ရှိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဇူလိုင် ၅ ရက်က ဖော်ပြသည်။

စိန့်ဂျွန်မြို့တွင် နေထိုင်သည့် ဝါရန်ဘိုဝဲလ်ဆိုသူ နှစ်နှစ်သမီးလေးတစ်ဦးသည် ဇူလိုင် ၄ ရက် ညအိပ်ရာဝင်ချိန် အိပ်ရာပေါ်လှဲချလိုက်ရာ ခဲတံတစ်ချောင်းပေါ် မှောက်ချမိသွားပြီး ကလေးမလေး၏ မျက်လုံးတစ်ဖက်တွင် ဖောက်ဝင်သွားခြင်းဖြစ်သည်။ ဝါရန်လေး၏ငိုယိုသံကြောင့် မိဘများသိရှိသွားခဲ့ပြီး ဖရန့်စပေးဆေးရုံသို့ တင်ပို့ကာ ခွဲစိတ်ဖယ်ရှားခဲ့ရခြင်းဖြစ်သည်။ ကလေးမလေးမှာ ကံကြီးလွန်း၍သာ ခဲတံကို ဖယ်ရှားနိုင်ခဲ့ပြီး အသက်ကယ်လိုက်နိုင်ခြင်းဖြစ်သည်ဟု ခွဲစိတ်ဆရာဝန်များက ဆိုသည်။



**ဖောက်ဝင်**

ဝါရန်ဘိုဝဲလ် **(ယာပုံ)**၏မျက်လုံးနှင့် သီသီလေးလွတ်ကာ ခဲတံစိုက်ဝင်သွားခဲ့ခြင်းဖြစ်ပြီး ဦးနှောက်အရှေ့ပိုင်းတွင်း ၁ ဒသမ ၅ လက်မအထိ ဖောက်ဝင်၍စိုက်နေခြင်းဖြစ်သည်။ ဦးနှောက်ပင်မသွေးကြောမကြီးကို ခဲတံဖောက်ဝင်ရန် ၁ မီလီမီတာခန့်သာလိုတော့ကြောင်း အတိုင်ပင်ခံ ခွဲစိတ်ဆရာဝန်ကြီး အိုင်းပိုပဲလ်က ပြောကြားခဲ့သည်။ ဝါရန်လေးလို ထိခိုက်မှုကြုံတွေ့ခဲ့သူများသည် အသက်ဆုံးရှုံးလျှင်ဆုံးရှုံး သို့မဟုတ်ပါက ဦးနှောက်ပျက်စီးမှုများဖြစ်ရကြောင်း ဝါရန်ဘိုဝဲလ်လေးအား လေးနာရီကြာခွဲစိတ်ပေးခဲ့သူ အတိုင်ပင်ခံခွဲစိတ်ဆရာဝန်ကြီးက ပြောကြားသည်။ **(အင်တာနက်)**

## နိုင်ငံတကာသတင်းအတိုအထွာ ၆-၇-၂၀၁၂

**တင်မောင်လွင်(မြန်မာ့အလင်း) – စုစည်းသည်**

### ဟွန်ဒူးရပ်စ်၌ မသန့်ရှင်းသောအရက်သောက်မိ၍ ၁၇ ဦးသေဆုံး

*ဟွန်ဒူးရပ်စ်နိုင်ငံအလယ်ပိုင်း၌ မသန့်ရှင်းသောအရက်များသောက်သုံးမိခြင်းကြောင့် လူ ၁၇ ဦးသေဆုံးသွားကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ဇူလိုင် ၅ ရက်တွင် ပြောကြားခဲ့သည်။*

*အဆိုပါဖြစ်ပွားမှုသည် မြို့တော်တီကူစီဂယ်ပါ၏မြောက်ဘက် ကီလိုမီတာ ၁၂၀ အကွာ စီဂွာတေးပီကွေးမြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသေဆုံးမှုသည် အရက်အဆိပ်သင့်ခြင်းကြောင့် သေဆုံးခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာအစိုးရရှေ့နေတစ်ဦးဖြစ်သည့် အော်ရီရာကူဘတ်စ်က ပြောကြားသည်။*

### ဗင်နွာတူနိုင်ငံတွင် အင်အားပြင်းငလျင်လှုပ်

*ဗင်နွာတူနိုင်ငံတွင် ဇူလိုင် ၆ ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်သွားကြောင်း တရုတ်မြေငလျင်တိုင်းတာရေးဌာနက သတင်းထုတ်ပြန်သည်။ အဆိုပါငလျင်သည် ယင်းနေ့ပေကျင်းစံတော်ချိန် နံနက် ၁၀ နာရီ ၂၈ မိနစ်က တောင်လတ္တီတွဒ် ၁၄ ဒသမ ၆ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၆၃ ဒသမ ၃ ဒီဂရီ အကြား မြေအောက် ၁၇၀ ကီလိုမီတာအနက်၌ ဗဟိုပြုလှုပ်ခတ်သွားခြင်းဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ပါရှိသည်။ **(အင်တာနက်)***

### မကာအို ကုန်စည်ပြပွဲဖွင့်လှစ်

*မကာအိုနိုင်ငံတကာကုန်စည်ပြပွဲ ၂၀၁၂ကို နိုင်ငံနှင့်ဒေသ ၁၄ခုတို့မှ ကုန်စည်ပြပွဲပြသသူပေါင်း ၁၅၆ ဦးနှင့်အတူ ဇူလိုင် ၆ ရက်က စတင် ဖွင့်လှစ်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။*

*မကာအိုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အရောင်းမြှင့်တင်ရေးအဖွဲ့နှင့် အခြားသောအဖွဲ့အစည်းများ၊ ကုမ္ပဏီအသင်းအဖွဲ့များက ပူးပေါင်းစီစဉ်ခြင်းဖြစ်သည်။ ၎င်းမကာအိုနိုင်ငံတကာကုန်စည်ပြပွဲ ၂၀၁၂ သည် စုစုပေါင်း စတုရန်းမီတာ ၅၄၀၀ ကျယ်ဝန်းပြီး ပြခန်းပေါင်း ၂၀၇ ခန့် တည်ဆောက်ကာ ခင်းကျင်းပြသလျက်ရှိသည်။ သုံးရက်ကြာပြုလုပ်မည့် အဆိုပါကုန်စည်ပြပွဲကို တရုတ်ပြည်မကြီးနှင့် တရုတ်(တိုင်ပေ)၊ ဟောင်ကောင်၊ မကာအိုတို့သာမက အမေရိကန်၊ ဂျပန်၊ ကိုရီးယား၊ ဗြိတိန်၊ ပြင်သစ်၊ မလေးရှား၊ ထိုင်း၊ စင်ကာပူ၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်ပြသထားသည်။ **(အောက်ပုံ)***





# ရုရှားအရှေ့ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျ၊ လိုက်ပါသူသုံးဦးသေဆုံး

**မော်စကို ဇူလိုင် ၆**

ရုရှားနိုင်ငံအရှေ့ပိုင်း ဆိုက်ဘေးရီးယားဒေသ ဆာခါးအရပ်တွင် ဇူလိုင် ၄ ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျသဖြင့် သုံးဦးသေဆုံးသွားကြောင်း ရုရှားစုံစမ်းစစ်ဆေးရေးအဖွဲ့က ဇူလိုင် ၅ ရက်တွင် အတည်ပြုပြောကြားသည်။ **(အပေါ်ပုံ)**

ယူတီလေကြောင်းကုမ္ပဏီပိုင် အေအက်စ်-၃၅၀ ရဟတ်ယာဉ်တစ်စင်းသည် လင့်ရှ်မြို့အနီးတွင် ပျက်ကျခဲ့ကြောင်း ရုရှားစုံစမ်းစစ်ဆေးရေးအဖွဲ့က အတည်ပြုကြေညာခဲ့သည်။

ရဟတ်ယာဉ်ပေါ်တွင် လူသုံးဦးလိုက်ပါကြောင်း ကနဦးကြေညာချက်အရ သိရသည်။ ရဟတ်ယာဉ်သည် လင့်ရှ်မြို့၌ဆီထည့်ပြီး ပြန်အတက် ၁၃ မိနစ်ခန့်အကြာတွင် ပျက်ကျခြင်းဖြစ်သည်။ မည်သည့်အတွက် ပျက်ကျသည်ကို မသိရသေးဟုဆိုသည်။ **(အင်တာနက်)**

# အာဖဂန်နစ္စတန် စစ်ဆင်ရေးများအတွင်း တာလီဘန်ရှစ်ဦး ဖမ်းဆီးမိ

**လက်ရှကာဂါး ဇူလိုင် ၆**

အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန့်ပြည်နယ်တွင် တာလီဘန်လက်နက်ကိုင်ရှစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ပြည်နယ်ရဲမှူးကြီး မိုဟာမက်နာဘီက ဇူလိုင် ၅ ရက်တွင် ပြောကြားသည်။

ဟဲလ်မန့်ပြည်နယ် ဂမ်ဆာခရိုင်နှင့် နော်ဇက်ခရိုင်များအတွင်း အကြမ်းဖက်နှိမ်နင်းရေးစစ်ဆင်မှုနှစ်ခုတွင် တာလီဘန်လက်နက်ကိုင်ရှစ်ဦးကို အစိုးရတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးလိုက်ခြင်းဖြစ်သည်ဟုဆိုသည်။ ဖမ်းမိသော တာလီဘန်လက်နက်ကိုင်များမှာ ပြည်နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ပြီး လမ်းဘေးဗုံးခွဲတိုက်ခိုက်သူများဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးကြီးက ပြောကြားသည်။ **(အင်တာနက်)**

# တီရစ္ဆာန်များမှတစ်ဆင့် ကူးစက်ရောဂါဖြစ်ပွားသူ ကမ္ဘာတစ်ဝန်း တစ်နှစ်တွင် ၂ ဘီလီယံ ကျော်ရှိနေ

**လန်ဒန် ဇူလိုင် ၆**

တစ်ကမ္ဘာလုံးဆိုင်ရာ လေ့လာသုတေသနပြုချက်တစ်ရပ်အရ တိရစ္ဆာန်များမှတစ်ဆင့် ကူးစက်ရောဂါများဖြစ်ပွားသူဦးရေမှာ တစ်နှစ်လျှင် လူပေါင်း ၂ ဒသမ ၂ သန်းသေဆုံးပြီး နာဖျားမကျန်းမမာဖြစ်သူဦးရေမှာ ၂ ဒသမ ၄ ဘီလီယံရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

တီဘီရောဂါ၊ အေအိုင်ဒီအက်စ်ရောဂါနှင့် ကြက်ငှက်တုပ်ကွေးရောဂါကဲ့သို့သော တိရစ္ဆာန်များမှတစ်ဆင့် လူတို့ကို ကူးစက်သောရောဂါ ၁၃ မျိုးခန့်ကြောင့် နာဖျားသေဆုံးသူဦးရေထိုမျှထိရှိကြောင်း သုတေသနပြုချက်တွင် ဖော်ပြသည်။

ဆင်းရဲသောနိုင်ငံများနှင့် အလယ်အလတ်ရှိနိုင်ငံများတွင် တိရစ္ဆာန်များမှကူးစက်ရောဂါကြောင့် နာမကျန်းဖြစ်သူနှင့် သေဆုံးသူဦးရေပမာဏသည် အများပြားဆုံးဖြစ်သည်။

**ပေါ်ပေါက်လျက်ရှိ**

ကမ္ဘာ့ဒေသအနှံ့အပြားမှ ခြံမွေးတိရစ္ဆာန်များ ဝယ်လိုအားသည် အဆိုပါပြဿနာအား အဆိုးရွားဆုံးအခြေအနေကို ဖန်တီးပေးလျက်ရှိနေသည်ဟုလည်း သုတေသနပညာရှင်များကဆိုသည်။ အီသီယိုးပီးယား၊ နိုင်ဂျီးရီးယားနှင့် တန်ဇန်းနီးယားနိုင်ငံတို့အပြင် အိန္ဒိယသည်လည်း တိရစ္ဆာန်များမှတစ်ဆင့် ကူးစက်ရောဂါဖြစ်ပွားမှု အမြင့်ဆုံးနိုင်ငံများဖြစ်သည်။ ယင်းရောဂါများကြောင့် နာဖျားမကျန်းမာမှုများနှင့် သေဆုံးမှုများ အနှံ့အပြား ပေါ်ပေါက်လျက်ရှိသည်။

အမေရိကန်နှင့် ဥရောပနိုင်ငံများတွင်လည်း အဆိုပါ ကူးစက်မှုရောဂါ ဖြစ်ပွားလျက်ရှိသည်။ အထူးသဖြင့် ဗြိတိန်၊ ဘရာဇီးနှင့် အရှေ့တောင်အာရှ ဒေသတချို့တွင် တိရစ္ဆာန်မှ ကူးစက်ရောဂါများ အဖြစ်များသည်။

တိရစ္ဆာန်များမှ ရောဂါပိုးများ လူတို့တွင် ပထမဆုံး ကူးစက်ဖြစ်ပွားသည့်အခါ သေလောက်အောင်ပြင်းထန်သည့် ဝေဒနာများခံစားရပြီး ကုသရန်ခက်ခဲကာ ဆေးဝါးခုခံခြင်းများ ဖြစ်ပွားသည်။ **(အင်တာနက်)**

### ❋ အဘိုးအိုမှ

၁၂၀ ရှိ အဘွားဒေါ်မြကြည်သည်လည်း နေထိုင်နေခြင်းပင်။ အဘိုးဦးသွင်၏ နေအိမ်တွင် မွေးနေ့ပွဲလာသော ဧည့်ပရိသတ် များပြားလှသည်။ စာရေးသူသည် လူရှင်းချိန်ကို စောင့်ဆိုင်းပြီး



အဘိုးအားဦးစွာကန်တော့ပြီးလျှင် "အဘိုး ဒီနေ့အသက် ၁၀၉ နှစ် ပြည့်ပြီးပေါ့နော်" ဟုမေးမြန်းရာ အဘိုးဦးသွင်က "ဝါဆိုလပြည့်ကျော် ၃ ရက် မွေးဆိုတော့ ဒီနေ့ အသက် ၁၀၉ နှစ်ပြည့်ပြီ နက်ဖြန်ဆို အသက်၁၁၀ ထဲရောက်ပြီ "ဟုပြောပြသည်။ "အဘိုးရဲ့ မိဘများနဲ့ မွေးချင်း ဘယ်နှယောက်ရှိလဲဆိုတာ ပြောပြပေးပါဦး"ဟု မေးမြန်းကြည့်ရာ "အဘိုးရဲ့ အဘက ဦးပန်းညိုနဲ့ အမိဒေါ်ရီဖြစ်ပြီး မွေးချင်း ၁၂ ယောက်ရှိတယ်။ အဘိုးက စတုတ္ထမြောက်သား ဖြစ်တယ်"ဟု အေးအေးချမ်းချမ်းပြောပြသည်။

"အဘိုး အခုလို အသက်ရာကျော် ရှည်အောင် ဘယ်လိုနေထိုင်စားသောက်ပါသလဲအဘိုး" "အဘိုးက နေ့စဉ် နံနက် ၉ နာရီမှာ ထမင်းကို စားတယ်။ စားသောက်ပြီးပလုတ်ကျင်းပြီးရင် တစ်နေကုန် ဘာမှမစားတော့ပါဘူး" "အဘိုးက တခြားဘာမှ ထူးထူးထွေထွေ သိပ်မစားဘူး၊ ထမင်းစားတဲ့အခါ ဝက်သားနဲ့အသီးအရွက်အကြိုက်ဆုံးပဲ ငါးလေးများလည်း စားပါတယ်" ဟု ပြောပြသည်။

အေးချမ်းနေသည့် အဘိုးမှာ ပူပင်သောကများကင်းဝေးမှုကို မြင်တွေ့ရသည်။ ဆက်လက်ပြီး "မှတ်သားစရာစကားလေး ချီးမြှင့်ပေးပါအဘိုး" ဟု တောင်းဆိုသည့်အခါ " ငါ့မြေးကို အဘိုးစကားတစ်ခွန်းပြောမယ်။ ငါ့မြေးဆင်စီးပါ။ ဆင်စီးပါဆိုတာက အချို့သူတွေက ဆင်တုံးမနွယ်ကိုစားခိုင်းတာ။ အဘပြောချင်တာက ဆင်စီးပါဆိုတာ အစားအသောက်စားတဲ့အခါ၊ သွားလာနေထိုင်တဲ့အခါ အသွားအလာ ဆင်ခြင်ပါ။ ဘယ်အရာမဆို ဆင်ခြင်စေချင်တယ်"ဟု အဘိုးက ပြောကြားပါသည်။

အဘိုးဦးသွင်ကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ညောင်ပင်နီ/ညောင်ပင်စောက် ကျေးရွာတွင် ၁၂၆၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက် (သောကြာနေ့)တွင် မွေးဖွားခဲ့သည်။ ငယ်ရွယ်စဉ်မှစတင်ပြီး မိဘရိုးရာတိုင်းရင်းဆေးဖြင့် နယ်လှည့်ဆေးကုသခဲ့သည်။ ငွေကြေးလုံးဝမယူဘဲ စေတနာဖြင့် အခမဲ့ကုသပေးခြင်းဖြစ်သည်။ ယခုအခါ အသက်အရွယ်ကြီးလာသောအခါ မိမိနေအိမ်မှာပင် ဝေဒနာရှင် လူနာများကို ကုသပေးပြီး နယ်လှည့်ဆေးကုသခြင်း မပြုလုပ်တော့ပါ။ အဘိုးမှာ ယခုအချိန်တွင် မြစ်ငယ်မြို့ စက်ကွေ့ရပ်တွင် သမီးညိုညိုနှင့်အတူ ကျန်းမာရွှင်လန်းစွာ နေထိုင်လျက်ရှိပါကြောင်း. . .။ **(၁၅၉)**

### ❒ မြန်မာ့ရိုးရာရုပ်သေးမှ

မိနစ် ၃၀ ဖြင့် တစ်နေ့နှစ်ကြိမ် ကပြတင်ဆက်မည်ဖြစ်သည်။ အစီအစဉ်များ အနေဖြင့် ရိုးရာသမားစဉ်အကများနှင့် ကြည်နူးပျော်ရွှင်စရာအကများပေါင်းစပ်ကာ ပွဲဦးထွက် နတ်ကတော်အက၊ အပျိုတော်ယိမ်းနှင့် ဦးမင်းကျော်အက၊ ဟိမဝန္တာခန်း၏ တိရစ္ဆာန်အကများဖြစ်သော မြင်း၊ ငှက်ကြီးဝံပို၊ ငါး၊ ဂဠုန်၊ နဂါး၊ မျောက်၊ ဘီလူးအကများ၊ ဇော်ဂျီအက၊ ပန်းကုံးခုန်အကနှင့် ဦးရွှေရိုး၊ ဒေါ်မိုးအကကို ဒိုးပတ်ဝိုင်းအရုပ်များနှင့် တွဲဖက်တင်ဆက်မည်ဖြစ်သည်။

ထွေးဦး မြန်မာ့ရိုးရာယဉ်ကျေးမှုရုပ်သေးအဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်ထွေး၊ ဦးမောင်ကြည်၊ ဒေါ်တင်တင်ဦး၊ ဒေါ်တင်နန်းမြင့်(ခ)နန်းတင်နှင့် ဒေါ်ချိုချိုစန်း စုစုပေါင်း ငါးဦးသွားရောက်ဆင်နွှဲကြလျက်ရှိရာ ဇူလိုင် ၄ ရက်တွင် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ပြီး ၁၆ ရက်တွင် ပြန်လည်ရောက်ရှိကြမည် ဖြစ်ကြောင်း သိရှိရသည်။

ကိုယ်ပိုင်ရုပ်သေးမရှိသော ယူအေအီးလို နိုင်ငံမျိုးက အခြားနိုင်ငံများမှ ရုပ်သေးအဖွဲ့များကို ဖိတ်ခေါ်၍ မိမိနိုင်ငံသားများနှင့် နိုင်ငံခြားခရီးသွားများကိုဆွဲဆောင်သော နွေရာသီဈေးပွဲတော်နှင့် ရုပ်သေးပွဲတော်များကို ကျင်းပသကဲ့သို့ မြန်မာနိုင်ငံမှ ခရီးသွားလုပ်ငန်းရှင်များလည်း စိတ်ကူးမိကြပြီး နောင်တစ်ချိန်တွင် မြန်မာပြည်၌ နိုင်ငံပေါင်းစုံပါဝင်သည့် နိုင်ငံတကာရုပ်သေးပွဲတော် ခြိမ့်ခြိမ့်သဲ ကျင်းပနိုင်မည့်နေ့ကို မျှော်လင့်နေမိပါကြောင်း. . .။

### ■ ရုပ်ရှင်မင်းသမီး ဖရန့်ကာမှ

မိသားစုပိုင် Mrs.Eastwood & Company က ရိုက်ကူးထုတ်လုပ်တဲ့ဇာတ်ကားတွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီဇာတ်ကားတွေရိုက်ကူးတဲ့အခါ ဖရန့်ကာအိစ်ဝုဒ်ဟာ သူမရဲ့ဖခင်က ဒါရိုက်တာတစ်ဦးအနေနဲ့ သွန်သင်ပြသခဲ့သလို တွဲဖက်သရုပ်ဆောင်အနေနဲ့ရိုက်ကူးခဲ့ခြင်းဖြစ်ပါတယ်။ အခုတော့ သူမကိုယ်တိုင် ခေါင်းဆောင်မင်းသမီးအနေနဲ့ ရိုက်ကူးတော့မှာဖြစ်ပြီး အဲဒီဇာတ်ကားကတော့ Final Girlအမည် ရှိတဲ့ရုပ်ရှင်ကားပဲဖြစ်ပါတယ်။

ဒီဇာတ်ကားကို ရုပ်ရှင်မင်းသားဘရက်လင်းနဲ့အတူ သရုပ်ဆောင်မှာဖြစ်ပြီး ရုပ်ရှင်မင်းသမီး ဖရန့်ကာအိစ်ဝုဒ်ရဲ့ ယောကျ်ားလေးမိတ်ဆွေဖြစ်တဲ့ ဓာတ်ပုံဆရာ တေလာရှိုက်စ်ကလည်း ဒီဇာတ်ကားမှာ ရုပ်ရှင်ဓာတ်ပုံဖန်တီးသူအဖြစ် ပါဝင်ဆောင်ရွက်မှာဖြစ်ပါတယ်။

သူမရဲ့ဖခင်ဖြစ်တဲ့ ရုပ်ရှင်မင်းသားနဲ့ ဒါရိုက်တာကလင့်အိစ်ဝုဒ်ဟာ အသက် ၈၂နှစ်အရွယ်ရှိနေပေမယ့် ရုပ်ရှင်ကားကောင်းတွေကို ဒါရိုက်တာအဖြစ် ရိုက်ကူးနေဆဲဖြစ်ပြီး ကိုယ်ပိုင်ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီဖြစ်တဲ့ Mrs. Eastwood & Company ကနေပြီး ထုတ်လုပ်လျက်ရှိပါတယ်။ အခုအချိန်အထိ ရုပ်ရှင်မင်းသားကြီး ကလင့်အိစ်ဝုဒ်ဟာ ရုပ်ရှင်ကားပေါင်း ၃၀ ကျော်ကို ဒါရိုက်တာအဖြစ် ရိုက်ကူးပြီး သူပိုင်ကုမ္ပဏီကနေ ထုတ်လုပ်ဖြန့်ဝေခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် သမီးဖြစ်သူ ဖရန့်ကာအိစ်ဝုဒ်ကိုလည်း အောင်မြင်တဲ့ ရုပ်ရှင်မင်းသမီးအဖြစ် ရောက်ရှိအောင် လက်တွဲခေါ်ယူသွန်သင်ပြသခဲ့တာမို့ အခုဆိုရင် ဖရန့်ကာအိစ်ဝုဒ်ဟာ အသက် ၁၈ နှစ်မှာပဲ ပြင်ပရုပ်ရှင်ကုမ္ပဏီတစ်ခုနဲ့ ခေါင်းဆောင်ရုပ်ရှင်မင်းသမီး တစ်ဦးအဖြစ် ဇာတ်ကားတွေကို ရိုက်ကူးတော့မှာ ဖြစ်ပါတယ်။ **(အင်တာနက်)**

### ❍ မျက်မမြင်မှ

ကြိုတင်သတိပေးစနစ်များ တပ်ဆင်ထားသည့်အပြင် မျက်မမြင်ယာဉ်မောင်းက ကားမောင်းနှင်နေစဉ် ကားအရှိန်ကို ကိုယ်တိုင်ထိန်းချုပ်ရန်မလိုဘဲ အလိုအလျောက် ထိန်းချုပ်ပေးသည့်စနစ်များလည်း မော်တော်ကားအတွင်း တပ်ဆင်ထားသည်။ မျက်မမြင်ယာဉ်မောင်းသည် ကားမောင်းရာတွင် လွတ်လပ်စွာ မောင်းနှင်နိုင်မည်ဖြစ်ပြီး ဘေးကင်းလုံခြုံမှုဖြစ်စေရန် အန္တရာယ်တစ်စုံတစ်ရာနှင့် ကြုံတွေ့နိုင်ပါက ယာဉ်မောင်းရှေ့တွင် ကြိုတင်သတိပေးမှုစနစ် ထည့်သွင်းတပ်ဆင်ထားသည်။ ယခုမော်တော်ကားကို ဗာဂျီးနီးယားစက်ရုပ်နည်းပညာသုတေသနဌာနမှ စက်ရုပ်နည်းပညာကိုအခြေခံပြီး ထုတ်လုပ်ထားခြင်းဖြစ်သည်။

ယခုအခါ အဆိုပါမော်တော်ကားကိုမျက်မမြင်ယာဉ်မောင်းများအား လက်တွေ့မောင်းနှင်စေကာ စမ်းသပ်မှုများပြုလုပ်လျက်ရှိရာ ဘေးကင်းစွာ မောင်းနှင်နိုင်ကြောင်း သုတေသနပညာရှင်ဒန်းနစ်ဟောင်က ပြောကြားသည်။ **(အင်တာနက်)**

## အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ခွင့် အဆိုပြုလွှာများ ခေါ်ယူသွားမည်

**နေပြည်တော် ဇူလိုင် ၆**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ စီးပွားရေးကြော်ငြာနှင့် ကမကထပြုသူ စပွန်ဆာ (Sponsor) ကိစ္စရပ်များ၊ ပြိုင်ပွဲအထိမ်းအမှတ် လာဘ်ကောင်ရုပ် (Mascot)၊ ပြိုင်ပွဲ အထိမ်းအမှတ်တံဆိပ် (Logo)၊ ပြိုင်ပွဲကြွေးကြော်သံဆောင်ပုဒ် (Motto) များနှင့်စပ်လျဉ်း၍ အထွေထွေအရပ်ရပ်သုံးစွဲပိုင်ခွင့်သည် ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ မူပိုင်ခွင့်များသာလျှင်ဖြစ်ကြောင်း၊ အဆိုပါ လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ပုဂ္ဂလိကတစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း၊ အခြားအဖွဲ့အစည်း တစ်ရပ်ရပ်ကိုသော်လည်းကောင်း မည်သူ့ကိုမျှ တရားဝင်ကိုယ်စားလှယ်ပေးအပ်ထားခြင်း မရှိသေးကြောင်း သိရသည်။

**သတင်းထုတ်ပြန်**

ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် အားကစားဝန်ကြီးဌာန၏ ခွင့်ပြုချက်တစ်စုံတစ်ရာ တရားဝင်ရယူခြင်းမရှိဘဲ သုံးစွဲခြင်းမပြုကြရန် တားမြစ်ကြောင်းနှင့်အဆိုပါ ပြိုင်ပွဲအထိမ်းအမှတ်လာဘ်ကောင်ရုပ်၊ ပြိုင်ပွဲအထိမ်းအမှတ်တံဆိပ်၊ ပြိုင်ပွဲကြွေးကြော်သံဆောင်ပုဒ်များအား စီးပွားရေးဆိုင်ရာကိစ္စရပ်များတွင် သုံးစွဲလိုပါက ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် လုပ်ငန်းရှင်နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် သဘောတူညီမှုဖြင့်သာ သတ်မှတ်ခွင့်ပြုပေးမည်ဖြစ်ပြီး အများပြည်သူသိရှိစေရန် တရားဝင်သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ပြိုင်ပွဲအထိမ်းအမှတ် လာဘ်ကောင်ရုပ်၊ ပြိုင်ပွဲအထိမ်းအမှတ်တံဆိပ်၊ ပြိုင်ပွဲကြွေးကြော်သံ ဆောင်ပုဒ်များပါဝင်သည့် 27th SEA Games 2013 Naypyitaw-Myanmar နှင့်ပတ်သက်သည့် အမှတ်တရပစ္စည်းများ ထုတ်လုပ်ရောင်းချခွင့်နှင့်ပတ်သက်၍လည်း လုပ်ငန်းဆောင်ရွက်ခွင့် အဆိုပြုလွှာများ ခေါ်ယူသွားမည်ဖြစ်ကြောင်း၊ အလားတူ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ Internet Website လွှင့်တင်မှု အသိအမှတ်ပြုခြင်း၊ Internet Website အသုံးပြု၍ ကြော်ငြာခြင်းနှင့်ကြော်ငြာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက် ခြင်း၊ ကြော်ငြာနှင့်ပြိုင်ပွဲ ကမကထပြုသူ စပွန်ဆာ (Sponsor) များ သဘောတူစာချုပ်ခြင်း၊ ကြော်ငြာနှင့် ပြိုင်ပွဲ ကမကထပြုသူ စပွန်ဆာ (Sponsor) များ ကမ်းလှမ်းမှုအတွက် အကျိုးဆောင် ကိုယ်စားလှယ် တာဝန်ပေးအပ်ခြင်းအပါအဝင် ဈေးကွက်ရောင်းချခြင်း Marketing ကိစ္စရပ်အားလုံးကိုလည်း ပြိုင်ပွဲကျင်းပရေး ကော်မတီနှင့် အားကစားဝန်ကြီးဌာနကသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**



## ဝင်ဘယ်ဒန်တင်းနစ်ဖလား ဗိုလ်လုပွဲ ဆီရီနာဝီလျံနှင့်ရက်ဒ်ဝမ်စကာ ယနေ့ယှဉ်ပြိုင်မည်

**လန်ဒန် ဇူလိုင် ၆**

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲကြီးကို လန်ဒန်မြို့၌ ဆက်လက်ကျင်းပလျက်ရှိရာ ဇူလိုင် ၅ ရက်က ဆီရီနာဝီလျံနှင့် ရက်ဒ်ဝမ်စကာတို့သည် အသီးသီးသောပြိုင်ဘက်များကို အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

အမေရိကန်တင်းနစ်မယ်ဆီရီနာဝီလျံ **(ဓါတ်ပုံ)**သည် အဇာရင်ကာကို ၆-၃၊ ၇-၆(၈-၆) ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ဝင်ဘယ်ဒန်ဖလားကို လေးကြိမ်တိုင် ဆွတ်ခူးခဲ့ဖူးသည့် ဆီရီနာဝီလျံသည် တစ်ဖက်ကစားသမား မဖမ်းနိုင်သော စပေးဘော ၂၄ ကြိမ်ရိုက်ခဲ့သည်။ ဆီရီနာဝီလျံသည် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲသမိုင်းတွင် တစ်ဖက်ကစားသမား မဖမ်းနိုင်သော စပေးဘောရိုက်နိုင်ခဲ့ခြင်းမှာ အများဆုံးစံချိန်ဖြစ်လာသည်။

ပိုလန်တင်းနစ်မယ် ရက်ဒ်ဝမ်စကာသည် ဂျာမနီမှ ကာဘာအား ၆-၁၊ ၆-၄ ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။ ပိုလန်တင်းနစ်မယ် ရက်ဒ်ဝမ်စကာသည် ၇၅ နှစ်တာကာလအတွင်း ပိုလန်အမျိုးသမီးတစ်ဦးအနေဖြင့် ပထမဆုံးအကြိမ် ဂရင်းဆလမ်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ပိုလန်တင်းနစ်မယ် ရက်ဒ်ဝမ်စကာနှင့် ဆီရီနာဝီလျံတို့သည် ယနေ့ **(စနေနေ့)**တွင် ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဆီရီနာဝီလျံအနေဖြင့် ယင်းပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲနိုင်မည်ဆိုပါက ငါးကြိမ်မြောက် ဝင်ဘယ်ဒန်ဖလားကြီးကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။ အကယ်၍ ဆီရီနာဝီလျံသည် ဝင်ဘယ်ဒန်ဖလားကြီး ဆွတ်ခူးနိုင်ခဲ့ပါက (၁၄) လုံးမြောက် ဂရင်းဆလမ်ဖလားနှင့်အတူ ဆုကြေးငွေ ပေါင်တစ်သန်း ဆွတ်ခူးရရှိမည်ဖြစ်သည်။ **(အင်တာနက်)**

## လာမည့်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ဂိုးစည်းနည်းပညာများ စတင်အသုံးပြုမည်

**ဇူးရစ် ဇူလိုင် ၆**

၂၀၁၂-၂၀၁၃ ဘောလုံးရာသီမှစပြီး ပရီမီယာလိဂ်ပြိုင်ပွဲများတွင် ဘောလုံးဂိုးစည်းနည်းပညာကို စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဇူးရစ်မြို့၌ ဇူလိုင် ၅ ရက်က နိုင်ငံတကာဘောလုံးဘုတ်အဖွဲ့က သဘောတူညီထားသည်။

အဆိုပါ ဘောလုံးနည်းပညာသုံး ဂိုးစည်းစနစ်သည် နှစ်မျိုးပါဝင်သည်။ ၄င်းဂိုးစည်းနည်းပညာများကို လာမည့်ဒီဇင်ဘာလ ဖီဖာကမ္ဘာ့ကလပ်ပြိုင်ပွဲနှင့် ၂၀၁၃ကွန်ဖက်ဒရေးရှင်း ဖလားပြိုင်ပွဲ၊ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် စတင်အသုံးပြုလိမ့်မည်ဖြစ်ကြောင်း ဖီဖာတာဝန်ရှိသူများက ပြောကြားသည်။ ယင်းဂိုးစည်းနည်းပညာစနစ်တွင် နှစ်ဖက်ဂိုးပေါက်တို့၌ ကင်မရာခြောက်လုံးစီ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း၊ ယင်းကင်မရာများမှတစ်ဆင့် ကွင်းလယ်ဒိုင်လူကြီးရှိ အချက်ပြနာရီသို့ ဂိုးမဂိုးအချက်အလက်များ ပေးပို့မည်ဖြစ်ကြောင်း သိရသည်။ ၄င်းဂိုးစည်းနည်းပညာများသည် ဘောလုံးဂိုးစည်းအတွင်းသို့ ဝင်မဝင်အငြင်းပွားမှုများကို ဖြေရှင်းပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ဘောလုံးပညာရှင်များက ပြောကြားသည်။ပြီးခဲ့သည့် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဂိုးဝင် မဝင်အငြင်းပွားမှုများ ဖြစ်ပွားခဲ့ပြီးနောက် ကမ္ဘာ့ဖလားဘောလုံးအဖွဲ့ချုပ် ဖီဖာက ဂိုးစည်းနည်းပညာများ အသုံးပြုရန် ဆုံးဖြတ်သဘောတူခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

### ◆ ကမ္ဘာ့အမျိုးသားဘော်လီဘောမှ

*၂၅- ၁၉၊ ၂၆-၂၄၊ ၂၅-၂၂ ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ဘရာဇီးဘော်လီဘောအသင်းမှာ ကမ္ဘာ့ဘော်လီဘော လက်ရှိချန်ပီယံအသင်းဖြစ်သည်။*

*ထို့အတူ ဘူလ်ဂေးရီးယားအသင်းနှင့် ဂျာမနီအမျိုးသား ဘော်လီဘောအသင်းတို့ပွဲတွင် ဘူလ်ဂေးရီးယားအသင်းက သုံးပွဲ-တစ်ပွဲဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဘူလ်ဂေးရီးယားအသင်းသည် ဂျာမနီအသင်းအား ၂၆-၂၈၊ ၂၅-၁၉၊၂၉-၂၇၊ ၂၅-၁၉ ဖြင့် ပထမပွဲငယ်၌ ရှုံးပွဲကြုံတွေ့သော်လည်း နောက်ထပ်ပွဲငယ်သုံးပွဲစလုံးကို အနိုင်ရအောင် ကစားခဲ့ခြင်းဖြစ်သည်။*

*နောက်နေ့ ပွဲစဉ်များအဖြစ် ဘရာဇီးအသင်းသည် ပိုလန်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဂျာမနီအသင်းသည် အမေရိကန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကမ္ဘာ့ဘော်လီဘောအဖွဲ့ချုပ်သည် ကမ္ဘာ့အမျိုးသားဘော်လီဘောပြိုင်ပွဲကို ၁၉၉၀ ခုနှစ်မှစတင်ကာ နှစ်စဉ်ကျင်းပလာခဲ့ခြင်းဖြစ်သည်။* **(အင်တာနက်)**

**မြင့်မောင်စိုး -- ရေးသားသည်**



## ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ ကလစ်ချကို မန်ညူရယ်ချားနှင့် ယှဉ်ပြိုင်ထိုးသတ်မည်

**ကီယက်ဗ် ဇူလိုင် ၆**

**ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံလက်ဝှေ့သမား ဗစ်တာလီကလစ်ချကိုသည် ယူကရိန်းပါလီမန်အမတ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသဖြင့် ၎င်း၏လက်ဝှေ့သမားဘဝကို လာမည့်စက်တင်ဘာလတွင် အဆုံးသတ်လိမ့်မည်ဖြစ်သည်။** (အပေါ်ပုံ)

အသက် ၄၀ အရွယ်ရှိ ဒဗလျူဘီစီဟဲဗီးဝိတ်ချန်ပီယံ ကလစ်ချကိုသည် စက်တင်ဘာ ၈ ရက်တွင် ရုရှားနိုင်ငံ မော်စကိုမြို့၌ ဂျာမနီလက်ဝှေ့သမား မန်ညူရယ်ချားနှင့် နောက်ဆုံးယှဉ်ပြိုင်ထိုးသတ်လိမ့်မည် ဖြစ်သည်။ ဂျာမနီလက်ဝှေ့သမား မန်ညူရယ်သည် ရှုံးပွဲမရှိ စံချိန်တင်ထားသူဖြစ်သည်။ ယူကရိန်းလက်ဝှေ့သမား ကလစ်ချကိုနှင့် မန်ညူရယ်တို့ပွဲသည် လက်ဝှေ့ဝါသနာရှင်များအတွက် ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်လာမည်ဖြစ်သည်။

ကလစ်ချကိုက သူ၏အနာဂတ်နှင့်ပတ်သက်ပြီး မကြာမီ ဆုံးဖြတ်ချက်ချသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ကလစ်ချကို၏ညီဖြစ်သူ ဝလာဒီမီယာသည် ဟဲဗီးဝိတ်ချန်ပီယံခါးပတ်လေးခု ပိုင်ဆိုင်ထားသည်။ ၎င်းဟဲဗီးဝိတ်ချန်ပီယံခါးပတ်များမှာ အိုင်ဘီအက်ဖ်၊ အိုင်ဘီအို၊ ဒဗလျူဘီအေနှင့် ဒဗလျူဘီအိုပြိုင်ပွဲမှ ချန်ပီယံခါးပတ်များဖြစ်ကြသည်။ ဝလာဒီမီယာသည် လက်ဝှေ့သမား သက်တမ်းတစ်လျှောက် ၄၆ ပွဲထိုးသတ်ခဲ့ရာ ၄၄ ပွဲ အနိုင်ရခဲ့သည်။ ၎င်းသည် မကြာမီက ဗြိတိသျှလက်ဝှေ့သမား ဒါရက်ချီဆိုရာအား အမှတ်ဖြင့် အနိုင်ရခဲ့သည်။ **(အင်တာနက်)**

❖ *ရှေ့ဖုံးမှ*

မြို့နယ်များတွင် အနည်းဆုံး(၂)စီးနှုန်းဖြစ်လာစေရန် ဖြည့်တင်းပေးမည့်အစီအစဉ်အား ယခုဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အလားတူ လွှတ်တော်ကိုယ်စားလှယ်(၃)ဦး၏ လယ်ယာကဏ္ဍဆိုင်ရာမေးခွန်းများကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ပြန်လည်ဖြေကြားသည်။

ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **ကျိုးပေါက်သွားသော ဝက်မြေတောဆည်အား ပြန်လည်တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရာသီဥတုပြောင်းလဲမှုများကြောင့် မိုးသည်းထန်စွာရွာခြင်း၊ ရေကြီးခြင်းတို့ကိုကြုံတွေ့ရသဖြင့် ကျိုးပေါက်လျက်ရှိသည့် ဝက်မြေတောဆည်ကို မူလနေရာတွင်ပြန်လည်ပြုပြင်ပါက ရေရှည်ခိုင်ခံ့မှုရှိမည်မဟုတ်ပါကြောင်း၊ သို့ဖြစ်၍ မြောက်နဝင်းရေလှောင်တမံ၏ ရေပိုလွှဲမှုလျှံရေကို အဓိကထားစဉ်းစားပြီး အခိုင်အမာရေလွှဲဆည်တစ်ခု တည်ဆောက်ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ထိုသို့ ရေလွှဲဆည်အသစ်တည်ဆောက်နိုင်ရေးအတွက် မြေပြင်စူးစမ်းလေ့လာတိုင်းတာခြင်း၊ ဇလဗေဒတိုင်းတာခြင်း၊ ဘူမိဗေဒတိုင်းတာခြင်းများမှ ရရှိလာသော အချက်အလက်များအပေါ်မူတည်ပြီး ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ ခန့်မှန်းခြေစာရင်းတန်ဖိုးတွက်ချက်ခြင်းများကို ဆောင်ရွက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရရှိပါက အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း၏ **စက်စက်ယို ရိုးအားပိတ်၍ ရေလွှဲဆည်တစ်ခုကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ တောင်တွင်းကြီးမြို့ရေကြီးမှုကို ကာကွယ်နိုင်ရန်အတွက် စက်စက်ယိုရေလွှဲဆည်ကို တည်ဆောက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ စက်စက်ယို ရေလွှဲဆည်တည်ဆောက်ခြင်းကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်တိုင်းတာလေ့လာရေးလုပ်ငန်းများနှင့်ခန့်မှန်းခြေ တွက်ချက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ရန်ပုံငွေခွင့်ပြုချက်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိပါက ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်အဆိုပြု တင်ပြ၍ အတည်ပြုချက်အရ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်၏ **၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း အစိုးရနှင့် ပုဂ္ဂလိကကုမ္ပဏီ၊ ဘဏ် စသည်တို့မှ တောင်သူလယ်သမားများသို့ ထုတ်ချေးသည့် သွင်းအားစုတန်ဖိုးများ အပါအဝင် စိုက်ပျိုးရေးချေးငွေ အရပ်ရပ်မည်မျှရှိသည်၊ ယင်းတို့အနက် ယနေ့အထိ မည်မျှပြန်လည်ကောက်ခံရရှိသည်၊ ကြွေးကျန်ရှိပါက ယခင်နှစ်များက ကြွေးကျန်များနှင့်ပေါင်းလျှင် မည်မျှရှိသည်နှင့် ချေးငွေမူဝါဒပြောင်းလဲရန် ရှိ/မရှိ တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း မိုး၊ ဆောင်း၊ မိုးကြို စုစုပေါင်း ချေးငွေကျပ် (၃၅၂ ဒသမ ၇၂၂)ဘီလီယံ ထုတ်ချေးခဲ့ပြီး ငွေကျပ်(၃၃၄ ဒသမ ၈၆၈) ဘီလီယံ ကောက်ခံရရှိပြီးဖြစ်သဖြင့် (၁၇ ဒသမ ၈၅၄)ဘီလီယံ ကောက်ခံရန်ကျန်ရှိနေပါကြောင်း၊ ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်အတွင်း ပုဂ္ဂလိကကုမ္ပဏီများက သွင်းအားစုတန်ဖိုးအပါအဝင် တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးမှုသည် ဆန်စပါးအထူးပြုကုမ္ပဏီ(၄၅)ခုမှ စပါးစိုက်ပျိုးသူတောင်သူလယ်သမားများသို့ ငွေကျပ်(၃၁ ဒသမ ဝ၆၁) ဘီလီယံ၊ ပဲမျိုးစုံအထူးပြုကုမ္ပဏီ(၁၀)ခုမှ ငွေကျပ်(၅ ဒသမ ၁၇၀) ဘီလီယံနှင့် သီးနှံစုံအထူးပြုကုမ္ပဏီ(၂)ခုမှ ငွေကျပ်(၁ ဒသမ ၉၆၀) ဘီလီယံ စုစုပေါင်းငွေကျပ် (၃၈ ဒသမ ၁၉၁) ဘီလီယံ ပံ့ပိုးထုတ်ပေးခဲ့ပါကြောင်း၊ ၎င်းအနက် ပြန်လည်ရရှိပြီးငွေပေါင်းမှာ (၂၄ ဒသမ ၃၃၇) ဘီလီယံဖြစ်သည့်အတွက် ပြန်လည် ပေးဆပ်ရန်ကျန်ရှိမှု ငွေကျပ်(၁၃ ဒသမ ၈၅၄)ဘီလီယံဖြစ်ပါကြောင်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်ကြွေးကျန် (ဝ ဒသမ ၁၂၂)ဘီလီယံနှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ကြွေးကျန် ငွေကျပ်(၁ ဒသမ ၇၀၂)ဘီလီယံကိုပေါင်းလျှင် ပုဂ္ဂလိကသီးနှံအထူးပြုကုမ္ပဏီများက ပြန်လည်ရရှိရန် ကျန်ရှိမှုစုစုပေါင်းမှာ ငွေကျပ်(၁၅ ဒသမ ၆၇၈)ဘီလီယံဖြစ်ပါကြောင်း။



ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး မေးမြန်းစဉ်။ (သတင်းစဉ်)

သို့ဖြစ်၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း တောင်သူလယ်သမားများသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကသီးနှံအထူးပြုကုမ္ပဏီများကထုတ်ချေးငွေ နှစ်ရပ်ပေါင်း၏ စုစုပေါင်းသည် ငွေကျပ် (၃၉၀ ဒသမ ၉၁၃) ဘီလီယံရှိပြီး ယင်းချေးငွေနှစ်ရပ်ပေါင်းအပေါ်ကောက်ခံရရှိမှုမှာ ငွေကျပ်(၃၅၉ ဒသမ ၂၀၅) ဘီလီယံဖြစ်သည့်အတွက် ကောက်ခံရန်ကျန်ရှိမှုသည် ငွေကျပ်(၃၁ ဒသမ ၇၀၈)ဘီလီယံဖြစ်ပါကြောင်း၊ ပုဂ္ဂလိကသီးနှံအထူးပြုကုမ္ပဏီများ၏ နှစ်ဟောင်းကြွေးကျန်များပေါင်းလျှင် စုစုပေါင်းကောက်ခံရန်ကြွေးကျန်မှာ ငွေကျပ်(၃၃ ဒသမ ၅၃၂)ဘီလီယံ ဖြစ်ပါကြောင်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ် ထုတ်ချေးမှုဆိုင်ရာချေးငွေမူဝါဒ ပြောင်းလဲရန် မရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့အတူ လွှတ်တော်ကိုယ်စားလှယ်(၃)ဦး၏ ဘဏ်နှင့်အခွန်ကဏ္ဍဆိုင်ရာမေးခွန်းများကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြန်လည်ဖြေကြားသည်။

နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်၏ **ခိုလန်မြို့နယ်ခွဲတွင် မြန်မာ့စီးပွားရေးဘဏ်(ခွဲ) ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ဘဏ်ဖွင့်လှစ်ပေးရန်လိုအပ်သော အဆောက်အအုံ၊ ငွေသိုလှောင်ခန်းအဆောက်အအုံ၊ ပရိဘောဂများ၊ ဝန်ထမ်းများခန့်ထားရေး၊ ၎င်းတို့၏ နေရေးထိုင်ရေးကိစ္စရပ်များ၊ လုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အကူအညီ ရရှိရေးကိစ္စရပ်များ လိုအပ်သည့်အတွက် လက်ရှိအခြေအနေအရ နမ့်စန်မြို့နယ် ခိုလန်မြို့နယ်ခွဲ၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် နောင်ဒေသဖွံ့ဖြိုးမှု ပိုမိုကောင်းမွန်တိုးတက်လာသည့် အချိန်မှသာ ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြပြီး ဘဏ်ခွဲဖွင့်လှစ်ရေးကိုဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၏ အင်းဝဘဏ်ခွဲကိုမူ မကြာခင်ဖွင့်လှစ်နိုင်ရန်စီစဉ်လျက်ရှိသည်ကို သတင်းကောင်းပါးလိုပါကြောင်းဖြင့် ဖြေကြားသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦး အောင် ကြည် မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **နိုင်ငံတော်အတွင်း လုပ်ငန်းရှင်များ၏ လုပ်ငန်းအလိုက် အခွန်ထမ်းဆောင်မှုအခြေအနေများကို ပြည်သူသို့အသိပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စည်းကြပ်နှစ်အတွက်အခွန်အများဆုံးထမ်းဆောင်ခဲ့သော အခွန်ထမ်းဦးရေကို (၁၀၀)ဦးစီအထိတိုးမြှင့်၍ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ကဏ္ဍအလိုက် ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ ထိုသို့ထုတ်ပြန်ပေးခြင်းမှာ အခွန်ထမ်းပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် ပုဂ္ဂိုလ်စုတစ်ခုချင်း၏ နိုင်ငံတော်နှင့်ပြည်သူများအတွက် နိုင်ငံ့တာဝန်ကျေပွန်မှုကို ဂုဏ်ယူဖွယ်ရာ သတင်းတစ်ရပ်အနေဖြင့် ပြည်သူများသိရှိနိုင်ရန် ထုတ်ပြန်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ အခွန်ထမ်းများ၏ Right အရ လျှို့ဝှက်ထားပေးရသော လုပ်ငန်းနှင့်သက်ဆိုင်သည့် အကြောင်းခြင်းရာများကို ထုတ်ပြန်ခြင်းမပြုပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များ၏လုပ်ငန်းအလိုက် အခွန်ထမ်းဆောင်မှုကို လောလောဆယ်အခြေအနေတွင် ပြည်သူသို့အသိပေးရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ဖရူဆိုမဲဆန္ဒနယ်မှ ဦးအူးရယ်(ခ)ဦးဦးရယ်၏ **ဖရူဆိုမြို့နယ်အား ဝေးလံခေါင်သီ၍ လူမှုရေး ခက်ခဲသော နယ်မြေဒေသတစ်ခုအဖြစ် သတ်မှတ်ခံစားခွင့်ပြုပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဖရူဆိုမြို့နယ်သည် မြင့်မားသော တောင်တန်းများနှင့် နက်ရှိုင်းသော လျှိုမြောင်ကြီးများဖုံးလွှမ်းပြီး တောတောင်ထူထပ်၍ မိုးများသောအရပ်ဖြစ်သဖြင့် ခရီးသွားလာရာတွင် အခက်အခဲများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေရသော နယ်မြေဒေသတစ်ခုဖြစ်ကြောင်းကို ကိုယ်စားလှယ်တော်ကြီး၏တင်ပြချက်အရ သိရှိရပါကြောင်း၊ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသအဖြစ် သတ်မှတ်ခံစားခွင့်ပြုလိုပါက သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့တင်ပြသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနကစိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

**အဆိုဆွေးနွေးခြင်းကဏ္ဍ**၌ ဇူလိုင် ၄ ရက်က တင်သွင်းခဲ့သော မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်၏ **ကဏ္ဍအသီးသီးနှင့်နယ်ပယ်အသီးသီးအတွက် စံချိန်စံညွှန်းများ ရေးဆွဲသတ်မှတ်၍ ဥပဒေပြဋ္ဌာန်းနိုင်ရန် အချိန်ကာလသတ်မှတ်ပြီး သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင်၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင်၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို၊ အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်နှင့် ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင်တို့က စံချိန်စံညွှန်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အာဆီယံနိုင်ငံများအချင်းချင်း အပြန်အလှန်အသိအမှတ်ပြုနိုင်သည့် သဘောတူညီမှုတစ်ရပ် တည်ဆောက်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ အသေးစား၊ အလတ်စားလုပ်ငန်းများသည် အရင်းအနှီး၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုအားနည်းနေသဖြင့် နိုင်ငံတော်အစိုးရက စံချိန်စံညွှန်းသတ်မှတ်ချက်ဥပဒေများထုတ်ပြန်ပြီး ပြည်တွင်းလုပ်ငန်းရှင်များအား စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်တတ်စေရန် အသိပညာပေးဆင့်ပွားသင်တန်းပေးခြင်း၊ နည်းဥပဒေများထုတ်ပြန်၍ စည်းမျဉ်းစည်းကမ်းများချမှတ်ပေးခြင်း၊ ထုတ်ကုန်များ စံချိန်စံညွှန်းပြည့်မီစေရန် စောင့်ကြည့်တိုင်းတာ စစ်ဆေးမှုများပြုလုပ်ခြင်းတို့ကို ဆောင်ရွက်သင့်ပါကြောင်း၊ သို့မှသာ ယုံကြည်စိတ်ချရပြီး အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများ ထွက်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦးက ယခုအခါ နောက်ဆုံးမူကြမ်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည့် စံချိန်စံညွှန်းဥပဒေမူကြမ်း အတည်ပြုပြီးပါက ပထမအဆင့်အနေဖြင့် အမျိုးသားအဆင့် စံချိန်စံညွှန်းကောင်စီကို ဖွဲ့စည်းမည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များကိုဖိတ်ခေါ်၍ သက်ဆိုင်ရာ စံချိန်စံညွှန်းများ ရေးဆွဲမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များဆောင်ရွက်ပြီးပါက မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးကဏ္ဍများနှင့်ပတ်သက်၍ အရည်အသွေးနှင့် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု စံချိန်စံညွှန်းများကို ရေးဆွဲနိုင်ရန်အတွက် ပဏာမလျာထားသော နည်းပညာဆပ်ကော်မတီများကို ဖွဲ့စည်းနိုင်မည်ဖြစ်ပါကြောင်း၊ ယခုအခါ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပညာရှင်များပါဝင်သော ညှိနှိုင်းအစည်းအဝေးများကို ခေါ်ယူကျင်းပလျက်ရှိပါကြောင်း၊ ယခုအဆိုမှာ ဆောင်ရွက်ပြီးနှင့် ဆောင်ရွက်ဆဲကိစ္စဖြစ်ပြီး ကောင်းမွန်သည့်အဆိုဖြစ်သဖြင့်လွှတ်တော်၏ ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဦးအေးမောက်၏အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိပြီး ကတိကဝတ်အဖြစ် ပေါ်ပေါက်လာမည့်ကိစ္စရပ်များ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြီးစီးရေး လွှတ်တော်က စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သဘောတူဆုံးဖြတ်သည်။

**အဆိုတင်သွင်းခြင်းကဏ္ဍ**၌ ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်က **မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍကို ပိုမိုထိရောက်သည့် ညှိနှိုင်း၊ ကွပ်ကဲ၊ စီမံမှုများဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း**အဆို တင်သွင်းသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပြီး ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီအရောက် အမည်စာရင်းတင်သွင်းကြရန်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီ မိနစ် ၂၀ တွင် ရပ်နားပြီး အစည်းအဝေး စတုတ္ထနေ့ကို ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များပေးအပ်

**နေပြည်တော် ဇူလိုင် ၆**

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေ၊ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များအား နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန (ရုံးချုပ်)၌ လာရောက်လှူဒါန်းလျက်ရှိသည်။



ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် အလှူရှင်များက အလှူငွေ၊ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များအား နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန(ရုံးချုပ်)၌ လာရောက်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဇွန် ၂၉ ရက်တွင် ဦးမောင်သိန်း-ဒေါ်နုနုကြည် (သမီး)မကေကေခိုင်လွင် (မိသားစု)က အလှူငွေကျပ် တစ်သောင်းနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဝန်ထမ်းများက အလှူငွေကျပ်တစ်သိန်းခုနစ်ထောင်၊ ဇူလိုင် ၂ရက်တွင် ဒေါ်မြသူဇာ (လက်ထောက်ညွှန်ကြားရေးမှူး) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနက ငွေကျပ်ကိုးထောင့်လေးရာတန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၊ ဇူလိုင် ၃ ရက်တွင် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းဌာနခွဲ (ဝန်ထမ်းမိသားစု) ပျဉ်းမနားမြို့က အလှူငွေကျပ် ငါးသိန်းခြောက်သောင်း ကိုးထောင့်ငါးရာနှင့် ငွေကျပ်တစ်သိန်းနှစ်သောင်းလေးထောင့်ကိုးရာတန်ဖိုးရှိ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ၊ အောင်ဖိုက်ဘာဂလက်(စ်)ကုမ္ပဏီက အလှူငွေကျပ်နှစ်သိန်းနှင့် ငွေကျပ် ၁၈ သိန်းတန်ဖိုးရှိ ဂါလန် (၂၀၀) ဆံ့ ဖိုက်ဘာရေတိုင်ကီ ၁၀ လုံး၊ ဇူလိုင် ၅ ရက်တွင် နေပြည်တော်မော်တော်ယာဉ်အဝေးပြေး ယာဉ်လိုင်းများက အလှူငွေကျပ်သိန်း ၅၀ နှင့် ဦးခင်ဇော်-ဒေါ်ခင်မြတ်ဆွေ (K&T) ဖိနပ်ဆိုင်က ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ဖိနပ်မျိုးစုံ လာရောက်လှူဒါန်းကြရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဇူလိုင် ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အနိုင်ရခဲ့သော အနောက်ပိုင်းခရိုင်အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ဗဟန်းမြို့နယ်ရှိ MS စားသောက်ဆိုင်၌ ကျင်းပရာ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းထံ ဧရာဝတီဘဏ်မှ အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအတွက် ဘောလုံး ၅၀ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)





အင်းစိန်မြို့နယ်၌ အခွန်ပညာပေးဟောပြောပွဲကို ဇွန် ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အခွန် ဦးစီးဌာနမှူး ဦးအောင်မိုးကျော်က အခွန်ဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဟောပြောစဉ်။ (ဝ၃၁)

# ကျောင်းဝတ်စုံ ရွှေကျင်၌ပေးအပ်

**ရွှေကျင် ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်တွင် ချေးငွေယူထားသော ပျံကျဈေးသည်များ၏ ကျောင်းနေအရွယ် သားသမီးများအား ကျောင်းဝတ်စုံပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၂ ရက် နံနက် ၈ နာရီက မြို့နယ်စည်ပင်သာယာရေးခန်းမ၌ ကျင်းပရာ မြို့နယ်အမှုဆောင်အရာရှိ ဦးဝင်းလှိုင်က ပျံကျဈေးသည်များ၏ သား သမီးများအတွက် ဝတ်စုံတစ်စုံစီ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

** ကျောဖုံးမှ*

**အားကစားကွင်းအား ပြည်သူ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ**'' မေးခွန်းနှင့်စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက အားကစားဝန်ကြီးဌာနသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း နေပြည်တော်တွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် လိုအပ်သည့် အားကစားကွင်း/အားကစားရုံများနှင့် အားကစားရွာ တည်ဆောက်ခြင်းလုပ်ငန်းများကို လက်ရှိအချိန်တွင် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် မြို့နယ်အဆင့်အားကစားကွင်းများ အဆင့်မြှင့်တင်ပြုပြင်ပေးရေးလုပ်ငန်းများဖြစ်သော အားကစားကွင်းအုတ်တံတိုင်းကာရံခြင်း၊ မီတာ(၄၀၀) ပြေးလမ်းပါ ဘောလုံးကွင်းပြုလုပ်ပေးခြင်းနှင့် မြို့နယ်အဆင့်မီ ပွဲကြည့်စင်ဆောက်လုပ်ပေးခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရေးအတွက် မြို့နယ်အားကစားအရာရှိများမှတစ်ဆင့် စိစစ်စာရင်းကောက်ယူ၍ ဦးစားပေးစနစ်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် လုပ်ငန်းစဉ်ချမှတ်ထားကြောင်း၊ အားကစားကွင်းတည်ဆောက်ရေးသည် နိုင်ငံတော်အားကစားတိုးတက်ရေးအတွက် အရေးကြီးသောအချက်အဖြစ် ခံယူထားကြောင်း၊ ယခုနှစ်များအတွင်း (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကိုမျှော်မှန်းပြီး နိုင်ငံတကာအဆင့်မီ အားကစားကွင်းကြီးများ တည်ဆောက်နေရသည်ဖြစ်၍ ဘဏ္ဍာငွေသုံးစွဲမှုကို အဆိုပါ ပြင်ဆင်ရေးကဏ္ဍအတွက် ဦးတည်သုံးနေရပါကြောင်း။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပပြီးစီးမှသာ စိစစ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းပေါင်းစပ်ပြီး ဦးစားပေးမြို့နယ်အလိုက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်ထွန်းအောင် မေးမြန်းသည့် ''**လမ်းအရှည် မိုင်(၂၀) (၆)ဖာလုံရှိသော ရခိုင်ပြည်နယ်၊ ပေါက်တော-မင်းပြားလမ်း ဖောက်လုပ်ခြင်းကို ဆက်လက်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ**'' မေးခွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ် မေးမြန်းသည့် ''**ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်းပေါ်ရှိ နောင်ဖာတံတားကို သံကူကွန်ကရစ်တံတားဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ**'' မေးခွန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် မေးမြန်းသည့် ''**အခြေခံသမဝါယမအသင်းများ မြေဂရန်ရရှိရေးကိစ္စ**'' မေးခွန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်ဝင်း မေးမြန်းသည့် ''**လမ်း၊ တံတားဂိတ်ကြေးကောက်ခံမှု**'' မေးခွန်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်က ပြန်လည်ဖြေကြားရာတွင် **ပထမမေးခွန်းနှင့်စပ်လျဉ်း၍** ရခိုင်ပြည်နယ်အတွင်းရှိ ပေါက်တောမြို့နယ်နှင့်မင်းပြားမြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ပေါက်တော-မင်းပြားလမ်းသည် မိုင်(၂၀) (၆)ဖာလုံ ရှည်လျားပါကြောင်း၊ ၂၀၁၂ ခုနှစ် မတ် ၃ ရက်အထိ လမ်းအခြေအနေမှာ ကတ္တရာလမ်း (၁)မိုင် (၁)ဖာလုံ၊ ကျောက်လမ်း(၁၉)မိုင် (၅)ဖာလုံ ဖြစ်ပါကြောင်း။



ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွန်းအောင် မေးမြန်းစဉ်။ (သတင်းစဉ်)

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းနှင့် ဖြည့်စွက်ရန်ပုံငွေကျပ် (၅၃၉ ဒသမ ၄၀)သန်းဖြင့် မြေသားတာပေါင်တည်ဆောက်ခြင်း (၄)မိုင် (၄)ဖာလုံ၊ ကျောက်ချောလမ်းခင်းခြင်း (၄)မိုင် (၂)ဖာလုံ၊ ဆင်ခုံတိုင်မြစ်ကူးတံတားနှင့် စွန်ရဲမြစ်ကူးတံတားတို့၏ ချဉ်းကပ်လမ်းမြေသားတာပေါင်တင်ခြင်း (၄)ဖာလုံ၊ (၁၀ ပေ × ၂၈ ပေ) အုတ်စီကမ်းကပ်ခုံ သံကူကွန်ကရစ်ကြမ်းခင်းတံတားတည်ဆောက်ခြင်း (၃)စင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း မိုင် (၂၀) (၆)ဖာလုံ၊ လမ်းပေါက်များအား ခွဲကျောက်ဖြင့် ဖြည့်ခင်းညှိ၍ ပြိုးကျောက်ခင်းကြိတ်ခြင်း (၈)မိုင်တို့ ဆောင်ရွက်ခဲ့ပါကြောင်း။

ရခိုင်ပြည်နယ် ပေါက်တော-မင်းပြားလမ်းပေါ်ရှိ ပေ(၁၈၀)အထက် တံတားသုံးစင်းအနက် ရွာချောင်းကြီးတံတား ပေ(၂၅၀)မှာ တည်ဆောက်ပြီးစီးပြီဖြစ်ပြီး တည်ဆောက်ဆဲတံတားနှစ်စင်းဖြစ်သည့် စွန်ရဲမြစ်ကူးတံတား (၁၂၁၆)ပေနှင့် ဆင်ခုံတိုင်မြစ်ကူးတံတားပေ(၉၀၀)တို့ကို ၂၀၁၁ ခုနှစ်အတွင်း ဆက်လက်တည်ဆောက်လျက်ရှိပါကြောင်း။

စွန်ရဲမြစ်ကူးတံတားသည် စီမံကိန်းတစ်ခုလုံး၏ (၃၉)ရာခိုင်နှုန်း၊ ဆင်ခုံတိုင်မြစ်ကူးတံတားသည် စီမံကိန်းတစ်ခုလုံး၏ (၃၆)ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရ၏ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေနှင့် ပေါက်တော-မင်းပြားလမ်းကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆင်ခုံတိုင်မြစ်ကူးတံတားနှင့် စွန်ရဲမြစ်ကူးတံတားတို့ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေကျပ် (၅၀၇၇ ဒသမ ၅) သန်းနှင့် ဘဏ္ဍာရေးနှစ်အတွင်း (၁၀၀)ရာခိုင်နှုန်း ပြီးစီးအောင် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍** ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်းပေါ်ရှိမိုင်တိုင်အမှတ်(၁/၄ - ၁/၅)ကြား တံတားအမှတ်(၂/၂) နောင်ဖာတံတားသည် ပေ(၁၁၀)အရှည်၊ ၁၃ပေ- ၁၁ပေအကျယ်ရှိသော သံပေါင်ရက်မ (R.S.J) သစ်သားကြမ်းခင်းတံတားအမျိုးအစားဖြစ်ပါကြောင်း၊ နှစ်စဉ်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် သစ်သားကြမ်းခင်း၊ ဘီးလမ်း၊ ဘီးကာလဲလှယ်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားသည့်အတွက် ကြံ့ခိုင်မှုရှိသော ယာယီတံတားတစ်စင်းဖြစ်ပါကြောင်း။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်းအတွက် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေမှ ရန်ပုံငွေကျပ်သန်း(၅၀၀)ခွင့်ပြုပေးခဲ့ပါကြောင်း၊ ၎င်းရန်ပုံငွေဖြင့် လမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တံတားအမှတ်(၂/၂) နောင်ဖာတံတားကို (၂)လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်နိုင်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**တတိယမေးခွန်းနှင့်စပ်လျဉ်း၍** သမဝါယမတွင် သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းဟူ၍ ရှိပါကြောင်း၊ သမဝါယမအသင်းတွင် လုပ်ငန်းအမျိုးအစားအလိုက် ဖွဲ့စည်းထားသည့် သမဝါယမအသင်းများရှိပါကြောင်း၊ သမဝါယမဦးစီးဌာန၊ သမဝါယမအသင်းများအတွက် မြေနေရာလျှောက်ထားတောင်းခံလာပါက ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ခွင့်ပြုပေးနိုင်သည့် အခြေအနေအပေါ်မူတည်၍ ခွင့်ပြုပေးခဲ့ခြင်းများရှိပါကြောင်း။

ယင်းသို့ ခွင့်ပြုပေးရာတွင် သမဝါယမဦးစီးဌာန မြေနေရာများအတွက် ခွင့်ပြုထားသည့် မြေနေရာများအား သမဝါယမဦးစီးဌာန အမည်ပေါက်ဖြင့် လွှဲပြောင်းပေးခဲ့ခြင်းများရှိပါကြောင်း၊ အသုံးပြုရန် မလိုအပ်သည့်အခါ ပြန်လည်အပ်နှံရန် စည်းကမ်းချက်ဖြင့် လွှဲပြောင်းပေးခဲ့ခြင်းများဖြစ်ပြီး သမဝါယမအသင်းများအား (၃)နှစ် ယာယီမြေငှားလိုင်စင်ဖြင့် ခွင့်ပြုချထားပေးလျက်ရှိပါကြောင်း။



အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ ဖြေကြားစဉ်။ (သတင်းစဉ်)

သမဝါယမအသင်းများအနေဖြင့် ဖွဲ့စည်းထူထောင်ခဲ့ခြင်းများရှိသကဲ့သို့ အသင်းလုပ်ငန်းများ အောင်မြင်မှုမရှိသဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းရခြင်းများလည်းရှိကြောင်းတွေ့ရှိရပါကြောင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းရသည့်အခါမျိုးတွင် အသင်းသို့ငှားရမ်းထားသည့် မြေနေရာကိုပါ ထည့်သွင်းတန်ဖိုးသင့်၍ ရောင်းချသွားသည်များလည်းရှိပါကြောင်း၊ သမဝါယမအသင်းများတွင် ပိုင်ဆိုင်မှုရှုပ်ထွေးခြင်းပြဿနာများသည် မြေဂရန်ရှိမှု/မရှိမှုနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် သမဝါယမအသင်းများအတွက် ခွင့်ပြုထားသည့် (၃)နှစ် ယာယီမြေငှားလိုင်စင် သက်တမ်းကုန်ဆုံးပါက အသုံးပြုခွင့် ထပ်မံလျှောက်ထားလျှင် (၃)နှစ်တစ်ကြိမ်သက်တမ်းတိုး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**စတုတ္ထမေးခွန်းနှင့်စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လမ်းပန်းဆက်သွယ်မှုချောမွေ့ကောင်းမွန်စေရေးအတွက် လမ်း/တံတားများပြုပြင်ဖောက်လုပ်လျက်ရှိရာ ၂၀၁၂ ခုနှစ်၊ မတ်လအထိ လမ်းမိုင် စုစုပေါင်း (၂၄၂၈၄)မိုင် (၇)ဖာလုံရှိခဲ့ပြီး ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် လမ်းမိုင်(၃၈၉၆)မိုင် (၃½) ဖာလုံရှိသဖြင့် နိုင်ငံတော်၏လမ်းမိုင်စုစုပေါင်း၏ (၁၆)ရာခိုင်နှုန်းမျှသာ ဘီအိုတီစနစ်နှင့် ဆောင်ရွက်ပြီး ကျန်မိုင်(၂၀၃၈၈)မိုင် (၃½)ဖာလုံ (၈၄)ရာခိုင်နှုန်းကို လေလံစနစ်ဖြင့် လမ်း/တံတား အသုံးပြုခ ကောက်ခံ ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ လမ်း/တံတားများအတွက် အသုံးပြုခကောက်ခံရာတွင် ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုထားသည့်လမ်းပိုင်းများမှာ လမ်း/တံတား အသုံးပြုခကောက်ခံရေးဂိတ်များကို ယေဘုယျအားဖြင့် မိုင်(၅၀)လျှင် တစ်ဂိတ်သတ်မှတ်ထားရှိပါကြောင်း၊ လမ်းမိုင်အရှည်အပေါ်မူတည်ပြီး လမ်းအသုံးပြုခကောက်ခံရေးဂိတ်များကို အသုံးပြုသူများခရီးသွားလာရေး အချိန်ကုန်သက်သာစေရန် စီစဉ်ထားရှိပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်သည့် လမ်းများထဲမှ ဘီအိုတီစနစ်ဖြင့်ဆောင်ရွက်ပြီး ကျန်ရှိသည့် လမ်းမိုင်(၂၀၃၈၈)မိုင်(၃½)ဖာလုံ၏ လမ်း/တံတားအသုံးပြုခကောက်ခံရေးစနစ်ကို တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များအား လေလံစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုထားပါကြောင်း။

ပြင်ဦးလွင်မှ မန္တလေးမြို့သို့ဝင်လျှင် (၁၆)မိုင် အေးရှားဝေါလ်တိုးဂိတ်၌ ဂိတ်ဖြတ်သန်းခနှင့် ပုသိမ်ကြီးမြို့နယ်အတွင်း ဖြတ်သန်းခ ဘီးလိုမ့်ခွန်ပေါင်း၍ ကောက်ခံခြင်းမှာ ကောက်ခံရေးဂိတ် တစ်ဂိတ်လျှော့နည်းစေရေးအတွက် ပုသိမ်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အောင်ပင်လယ်မရောက်မီ နှစ်မိုင်ခန့်တွင်ရှိသည့်ဂိတ်မှာ မြို့တော်စည်ပင်သာယာရေးကော်မတီက ကောက်ခံ သည့် မန္တလေးမြို့ဝင်ကြေးဂိတ်ဖြစ်ပါကြောင်း။

အဝေးပြေးလမ်းမကြီးဂိတ်များတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ မြို့ဝင်ကြေးများ တစ်ပေါင်းတည်းကောက်ခံစေခြင်းဖြင့် ခရီးသွားပြည်သူများ အချိန်ကြန့်ကြာမှုမရှိစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့ဝင်ကြေးကို သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံရန်မှာ သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့၏ တာဝန်ဖြစ်ပြီး ဘီးလိုမ့်ခွန်ကြေးဂိတ်များ များပြားနေမှုကိုမူ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် အာဆီယံစံနှုန်းနှင့်အညီ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ သတ်မှတ်ချက်အတိုင်း ယာဉ်အမျိုးအစားအလိုက် ယာဉ်၏ဝင်ရိုးတန်းအလိုက်တူညီစွာ သတ်မှတ်ကောက်ခံလျက်ရှိပါကြောင်း၊ ခရီးသည်တင်မှန်လုံယာဉ်ကြီးများသည် ၎င်းတို့၏ အကျိုးစီးပွားအတွက် အမြတ်များများရရှိအောင်ရည်ရွယ်၍ ခရီးသည်အပြည့်တင်ဆောင်လျက် ခရီးသည်ကားခများ အပြည့်အဝယူသည့်အပြင် ကုန်များပါ ထပ်ပိုးတင်ဆောင်လျက်သွားလာကြပါကြောင်း၊ ခရီးသည်နှင့် ကုန်များပါတင်ဆောင်၍ ဖြတ်သန်းပါက တန်ပိုမည်ဖြစ်ပြီး တန်ပိုဒဏ်ကြေး (၁၀)ဆ ပေးဆောင်မှုကို ရှောင်လွှဲလိုသဖြင့် ခရီးသည်များကို ဂိတ်မရောက်မီ လမ်းဆင်းလျှောက်ခိုင်းသဖြင့် ခရီးသည်နှင့် တိုးလ်ဂိတ်ကို ရန်တိုက်ပေးသကဲ့သို့ဖြစ်လာသောကြောင့် ''**ခရီးသည်များ လမ်းဆင်းလျှောက်ရန် မလိုပါ**'' ဆိုင်းဘုတ်စိုက်ထူ အသိပေးခြင်း၊ စည်းကမ်းမလိုက်နာသော ယာဉ်များကို တရားစွဲအရေးယူခြင်းများ ဆောင်ရွက်ခဲ့ရပါကြောင်း။

လမ်းအသုံးပြုခပေးဆောင်ရသော ဈေးနှုန်းသက်သာစေရေးအတွက် ခရီးသည်တင်မှန်လုံယာဉ်ကို တစ်မိုင်လျှင် ငွေ(၁၀)ကျပ်နှုန်းဖြင့် သက်သာစွာ ဈေးနှုန်းသတ်မှတ်ပေးထားပါကြောင်း၊ သို့သော် ခရီးသည်ယာဉ်များသည် ကုန်များပါတင်ပြီး ကုန်တင်ခပါယူကြပါကြောင်း၊ ကုန်ကားဖြင့်သယ်ပါက ကုန်ကား၏လမ်းအသုံးပြုခ တစ်မိုင်ဈေးနှုန်းသည် ခရီးသည်တင်ယာဉ်ဈေးနှုန်းထက်များသဖြင့် ခရီးသည်တင်ကားဖြင့် ကုန်တင်ကာ ဈေးသက်သာသော ခရီးသည်တင်ကားဈေးနှုန်းဖြင့်ပေးချေ၍ သွားလာကြပါကြောင်း၊ အကျိုးအမြတ်ရရေးအတွက် ''**ခရီးသည်ကားသည် ကုန်မတင်ရ**'' သော သတ်မှတ်စည်းကမ်းကို ဖောက်ဖျက်ကြသဖြင့် အဆိုပါကားများကို စိစစ်သောအခါ တန်ပိုမည်စိုး၍ ခရီးသည်များကို ယာဉ်မောင်းများက လမ်းဆင်းလျှောက်ခိုင်းကြခြင်းဖြစ်ပါကြောင်း။

၎င်းပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ၉-၆-၂၀၁၂ ရက်မှစ၍ ခရီးသည်တင်မှန်လုံယာဉ်များအား (ယာဉ် + ခရီးသည်/၂၆ ဦးမှ ၄၅ ဦး အထိ) ၁၂ တန်/၁၆ တန်( ဝင်ရိုး-၂ခုပါ) ခရီးသည်တင်မှန်လုံယာဉ် (ခရီးသည်သာ-ကုန်မတင်ရ) လမ်းတစ်မိုင် ငွေ(၁၀)ကျပ်နှုန်းဖြင့်လည်းကောင်း၊ (ယာဉ် + ခရီးသည်/၅၅ ဦးအထိ) ၁၇တန် (ဝင်ရိုး -၂ခုပါ) ခရီးသည်တင်မှန်လုံယာဉ်ကြီး (ခရီးသည်သာ-ကုန်မတင်ရ)လမ်းတစ်မိုင် ငွေ (၁၂)ကျပ်နှုန်းဖြင့်လည်းကောင်း၊ (ယာဉ် + ခရီးသည်/၂၆ ဦးမှ ၄၅ ဦးအထိ) ၁၂ တန်/၁၆တန် (ဝင်ရိုး-၂ခုပါ) ခရီးသည်တင်မှန်လုံယာဉ် (ကုန်တင်လာပါက ကုန်တင်ယာဉ်ဈေးနှုန်းအတိုင်းပေးရမည်) လမ်းတစ်မိုင် ငွေကျပ်(၂၀)နှုန်းဖြင့် လည်းကောင်း၊ (ယာဉ် + ခရီးသည်/၅၅ဦး အထိ) ၁၇တန် (ဝင်ရိုး-၂ခုပါ) ခရီးသည်တင်မှန်လုံယာဉ်ကြီး (ကုန်တင်လာပါက- ကုန်တင်ယာဉ်ဈေးနှုန်းအတိုင်းပေးရမည်) လမ်းတစ်မိုင် ငွေ(၂၅)ကျပ်နှုန်းဖြင့်လည်းကောင်း ခွဲခြား၍ သက်သာသောနှုန်းထားဖြင့် ဖြတ်သန်းခပေးဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အာဆီယံနိုင်ငံများတွင် ကျင့်သုံးနေသည့် လမ်းအသုံးပြုခ ကောက်ခံရေးစနစ်များကို လေ့လာလျက်ရှိပြီး အားနည်းချက်၊ အားသာချက်များကိုသုံးသပ်၍ လမ်းအသုံးပြုသူများ အဆင်ပြေစွာ အသုံးပြုနိုင်ရေး၊ ခရီးသွားလာမှု မြန်ဆန်သွက်လက်စေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်းက ''**ငွေကြေးနှင့်အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ငွေကြေးနှင့် အရင်းအနှီးဈေးကွက် ဥပဒေကြမ်းရေးဆွဲနေစဉ်ကာလအတွင်း ဘဏ္ဍာရေးနှင့် ဥပဒေရေးရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးအတွက် ပြုပြင်ဖွဲ့စည်းမှုများဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**'' အဆိုကို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်းဆုံးဖြတ်ပြီး အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က '**နိုင်ငံတကာတွင် စီးပွားရေးလက်ဝါးကြီးအုပ်မှုမျိုးကို တားဆီးရန်အတွက် 'ယှဉ်ပြိုင်မှုဥပဒေ'နှင့် 'ယှဉ်ပြိုင်မှုမူဝါဒ'(Competition Law နှင့် Competition Policy) များကို စတင်ရေးဆွဲဆောင်ရွက်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**' အဆိုကိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်းဆုံးဖြတ်ပြီး အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် တတိယနေ့အစည်းအဝေးကို နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်ပြီး စတုတ္ထနေ့အစည်းအဝေးကို ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် မေးခွန်း(၆)ခု မေးမြန်းခြင်းနှင့်ဖြေကြားခြင်း၊ အဆို(၂)ခု တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် ဆုံးဖြတ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ဒေသခံပြည်သူများအတွက် အလှူငွေနှင့် အဝတ်အထည်များ ဆက်လက်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၆**

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့်စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရှိ ခရစ်ယာန်အသင်းတော်များနှင့် အဖွဲ့အစည်းများက ငွေကျပ်နှစ်ဆယ့်ငါးသိန်း၊ ဆန်အိတ် ၃၀ နှင့် အဝတ်အထည်သုံးထုပ်၊ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် စေတနာရှင် ပြည်သူများက ငွေကျပ်လေးဆယ့်သုံးသိန်းတစ်သောင်းခုနစ်ထောင့်ခြောက်ရာ့ငါးဆယ်တန်ဖိုးရှိ အဝတ်အထည်နှင့် စားသောက်ကုန်များ၊ နည်းပညာတက္ကသိုလ်(သန်လျင်) ဆရာ ဆရာမ၊ ဝန်ထမ်းနှင့် ကျောင်းသား ကျောင်းသူများက ငွေကျပ်နှစ်ဆယ့်ငါးသိန်းနှင့် အဝတ်အထည် ၃၅ ထုပ်၊ ချယ်ရီမေတ္တာဖောင်ဒေးရှင်းက ငွေကျပ် ၁၀သိန်း၊ ကမန်အမျိုးသားတိုးတက်ရေးပါတီက ငွေကျပ်ငါးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှူးနှင့် တပ်ဖွဲ့ဝင်မိသားစုများက ငွေကျပ်လေးသိန်းခြောက်သောင်းရှစ်ထောင်နှင့် အဝတ်အထည်တစ်ထုပ်၊ ဦးစောလူ-ဒေါ်ကြီးမိန်း မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးသက်ကြည်- ဒေါ်ခင်ဝင်းမြင့်(စိန်ပွင့်) မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးမြင့်စိုး-ဒေါ်ခင်သီတာမိသားစုက ငွေကျပ်သုံးသောင်း၊ အဝတ်အထည်တစ်ထုပ်နှင့် ထီးငါးလက်၊ စေတနာရှင်များအဖွဲ့က ငွေကျပ်နှစ်သိန်းခုနစ်သောင်းရှစ်ထောင်နှင့် အဝတ်အထည် ၁၀ ထုပ်၊ ဒေါ်မိုးသီဂီ၊ မထက်ယုယုအောင်တို့က ငွေကျပ်နှစ်သောင်း၊ ဦးကျော်ထူး-ဒေါ်စန်းဝင်း မိသားစုက ငွေကျပ်နှစ်သောင်း၊ ဦးထင်ကျော်-ဒေါ်စန်းစန်းဝင်း မိသားစုက ငွေကျပ်သုံးသောင်းနှင့် အဝတ်အထည်တစ်ထုပ်၊ ဦးမောင်သာညို-ဒေါ်ခင်စောရွှေ၊ သမီး ဒေါက်တာတင်မိုးဝေ မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးစန်းမောင်-ဒေါ်ခင်မာစီ မိသားစုက ငွေကျပ်ငါးသောင်း၊ မော်လမြိုင်မြို့ သဘင်ပညာရှင်များအဖွဲ့က အဝတ်အထည် ၁၁ ထုပ်၊ ဒေါ်တင်မာလင်း မိသားစုက အဝတ်အထည်ကိုးထုပ်၊ ကျောက်ဆည်ခရိုင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အလှူရှင်နှစ်ဦးက ငွေကျပ်တစ်သိန်းတစ်သောင်း၊ ဗိုလ်ကလေးဈေးမိသားစုက အဝတ်အထည်လေးထုပ်၊ ကိုကျော်နန္ဒအေး-ဒေါ်တင်နှင်းဝင့်ရှိန်၊ မခင်သီတာရှိန်(ခ) သင်းရန့်စိုးစံတို့က ငွေကျပ်တစ်သိန်းနှင့် အဝတ်အထည်တစ်ထုပ်၊ ဦးစံအောင်-ဒေါ်ခင်နန်းမေမိသားစုက ငွေကျပ်တစ်သောင်းငါးထောင်၊ စေတနာရှင်လူငယ်မောင်မယ်များက ငွေကျပ် သုံးသိန်းတစ်သောင်းနှင့် ဒေါ်မိုးမိုးသန်းက အဝတ်အထည်နှစ်ထုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အထိ အလှူငွေရရှိမှုမှာ ငွေ ၂၃၅၆၂၄၈၁၆ ကျပ် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဦးသိန်းမောင်အား ရည်စူး၍ ဒေါ်ညွန့်စိန်နှင့် မိသားစုများက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေး/အာဟာရပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို ရိပ်သာအမှုဆောင် ဦးမြင့်မောင်ထံ လှူဒါန်းစဉ်။** (၀၀၉)



7-7 (07).pmd 1 7/7/2012, 2:30 AM

# ဟိုတယ်များနှင့် ခရီးသွားကုမ္ပဏီများအကြား ဖြစ်ပေါ်သည့် ပြဿနာများ အကောင်းမွန်ဆုံးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမှာစကားပြောကြားရာတွင် ဇွန် ၂၅ ရက်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များမှ အထွေထွေမန်နေဂျာများ၊ တာဝန်ခံများအား ခေါ်ယူတွေ့ဆုံခဲ့ကြောင်း၊ တွေ့ဆုံရခြင်း၏ရည်ရွယ်ချက်များမှာ ပထမအချက်အနေဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဟိုတယ်များ အခန်းခ ဈေးနှုန်းတည်ငြိမ်မှုရှိရေး၊ အခန်းခနှုန်းထားများသည် အိမ်နီးချင်းနိုင်ငံများအပါအဝင် အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းကြီးမြင့်မှုမရှိ စေရေး၊ ဒုတိယအချက်အနေဖြင့် Foreign Direct Investment ဟိုတယ်များနှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီများအကြား အခန်းများ Booking ရရှိရေးနှင့်ပတ်သက်၍ ကန်ထရိုက်ကိစ္စများကို ဖြေရှင်းပေးရေး၊ တတိယအချက်အနေဖြင့် ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော နိုင်ငံခြားဧည့်သည်ဝင်ထွက်မှု အဆင်ပြေလွယ်ကူရေး ကော်မတီ၏ လုပ်ငန်းစဉ် (၄)ရပ်အပေါ် အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ရေးတို့ဖြစ်ကြောင်း၊ အဆိုပါတွေ့ဆုံပွဲတွင် Foreign Direct Investment ဟိုတယ်များအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်(၅)ရပ်ကို ချပြရှင်းလင်းခဲ့ကြောင်း၊ ၎င်းညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိပါကလည်း အရေးယူဆောင်ရွက်သွားမည့် နည်းလမ်း (၇)ခုဖြင့် အရေးယူဆောင်ရွက်သွားမည်ကို ရှင်းလင်းအသိပေးမှာကြားခဲ့ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံရခြင်းမှာလည်း ဒုတိယရည်ရွယ်ချက်ပါ Foreign Direct Investment ဟိုတယ်များနှင့် ခရီးသွားကုမ္ပဏီများအကြား ဖြစ်ပေါ်နေသည့် ပြဿနာများကို အကောင်းမွန်ဆုံးနည်းလမ်းဖြင့် ဖြေရှင်းပေးနိုင်ရေးအတွက် ခေါ်ယူတွေ့ဆုံဆွေးနွေးရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များမှ အထွေထွေမန်နေဂျာများ၊ တာဝန်ခံများနှင့် တွေ့ဆုံပွဲတွင် လိုက်နာဆောင်ရွက်ရန် မှာကြားခဲ့သည့် ညွှန်ကြားချက် (၅)ရပ်၊ လိုက်နာဆောင်ရွက်ခြင်းမရှိပါက အရေးယူဆောင်ရွက်မည့် နည်းလမ်း (၇)ခုတို့ကို အသိပေးရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။


ယင်းနောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်အခန်းခနှုန်းထားထက် ကျော်လွန်သော Contract စာချုပ်များ၊ Contract စာချုပ်(၄)ကြိမ် ပြင်ဆင်ခဲ့သော ဟိုတယ်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ တွေ့ကြုံမှုအခက်အခဲများ၊ မကြာမီကျင်းပမည့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများနှင့် တွေ့ဆုံပွဲတွင် Eco Tourism ဆိုင်ရာ တင်ပြလိုသည်များရှိလျှင် အမြန်တင်ပြရန်လိုကြောင်း ဖြေကြားရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၂/၂၀၁၂)ဆင်းပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန အရာထမ်း/ အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၂/၂၀၁၂)ဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး သင်တန်းခန်းမ၌ကျင်းပရာ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေးက သင်တန်းဆင်း အမှာစကားပြောကြားပြီး ထူးချွန်ဆုရ သင်တန်းသားများအား ဆုများချီးမြှင့်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၃ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ မိုင်းဆတ်ခရိုင်၌ ကျင်းပ

**မိုင်းဆတ် ဇူလိုင် ၆**

ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင်ရဲတပ်ဖွဲ့က ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို မိုင်းဆတ်မြို့ အခြေခံပညာအထက်တန်းကျောင်း သံလွင်ခန်းမဆောင်၌ ဇွန် ၂၆ ရက် နံနက် ၉ နာရီက ကျင်းပရာ ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက အမှာစကားပြောကြားသည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားခြင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအကြောင်းနှင့် ကျန်းမာရေးနှင့် မူးယစ်ဆေးအန္တရာယ်အကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောကြသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## ကွင်းဆင်းပေးအပ်

**ထန်းတပင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၏ မိုးပွင့်အဆင့်(၃)စီမံချက်အရ ဇွန် ၂၇ ရက်က (၃)ရပ်ကွက် ဘုန်းတော်ကြီးကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာဝန်ရှိသူများက ဒေသခံပြည်သူများအား ပေးအပ်စဉ်။** (၀၄၈)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## ကမ္ဘာ့လူဦးရေနေ့

**မျိုးဆက်ပွားကျန်းမာရေး၊ လူတိုင်းရအောင် ဆောင်ရွက်ပေး**

**Universal Access to Reproductive Health Services**

၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်



## စုပေါင်းစိုက်ပျိုး

**မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၉ ရက်က ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ်(၉၉/၃)တွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းကျော်နှင့် ဌာနဆိုင်ရာများက ကျွန်း ၁၅၀၀နှင့် ယူကလစ် ၁၅၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြစဉ်။** (မြန်မာ့အလင်း)

## မြန်မာ့ရုပ်မြင်သံကြား

၇-၇-၂၀၁၂ (စနေနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော် |
| ၇း၃၀ | နံနက်ခင်းသတင်း |
| ၇း၄၅ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၂၅ | အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့တေးများ |
| ၈း၄၀ | International News |

**နေ့လယ်ပိုင်း**

| | |
|---|---|
| ၁၁း၀၀ | စစ်သည်တေး |
| ၁၁း၅၀ | တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁၄း၅၀ | International News |

**ညပိုင်း**

| | |
|---|---|
| ၄း၀၀ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၃၅ | အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သတ္တဗေဒ အထူးပြု) (သတ္တဗေဒ) |
| ၅း၀၅ | International Science News |
| ၅း၁၅ | အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့တေးများ |
| ၅း၄၀ | **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် ဆောင်ရွက်ပြီးစီးဖွင့်လှစ်ခဲ့သည့် တံတားများ** (အပိုင်း-၂) |
| ၆း၀၀ | ညနေခင်းသတင်း |
| ၆း၄၀ | **အနုပညာရှင်နှင့်ရင်ခုန်စရာညချမ်း** (ဘန်နီဖြိုး) |
| ၈း၀၀ | ပြည်တွင်းသတင်း - နိုင်ငံတကာသတင်းများ - မိုးလေဝသအခြေအနေ - နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာသစ္စာ** (အပိုင်း-၁၉) |



### ● ရှေ့ဖုံးမှ

အာဆီယံလမ်းမကြီး အာရှလမ်းမကြီး(AH-3)သည် စုစုပေါင်း လမ်းမိုင် ၅၈ မိုင်ရှိပြီး ပြည်ထောင်စုလမ်းများဖြစ်သည့် ကျိုင်းတုံ-မိုင်းလားလမ်းပိုင်းတို့နှင့် ဆက်သွယ်ထားသည်။

အာဆီယံလမ်းမကြီး အာရှလမ်းမကြီး(AH-14)သည် စုစုပေါင်းလမ်းမိုင် ၂၈၁ မိုင်ရှိပြီး ပြည်ထောင်စုလမ်းများဖြစ်သည့် မန္တလေး-လားရှိုး-သိန္နီ-ကွတ်ခိုင်-မူဆယ်လမ်းပိုင်းတို့နှင့် ဆက်သွယ်ထားသည်။

အာဆီယံလမ်းမကြီး(AH-111)သည် စုစုပေါင်းလမ်းမိုင် ၁၄၈ မိုင်နှင့် တံတားပေါင်း ၇၁၉ စင်းပါဝင်ပြီး ပြည်ထောင်စုလမ်းများဖြစ်သည့် လွိုင်လင်-လဲချား- ပန်ကေတု-သီပေါလမ်းပိုင်းတို့နှင့် ဆက်သွယ်ထားသည်။

အာဆီယံလမ်းမကြီး(AH-112)သည် စုစုပေါင်းလမ်းမိုင် ၆၇၄ မိုင်နှင့် တံတားပေါင်း ၁၃၂၉ စင်းပါဝင်ပြီး ပြည်ထောင်စုလမ်းများဖြစ်သည့် သထုံ-မော်လမြိုင်-ရေး-ထားဝယ်-မြိတ်-ကော့သောင်းလမ်းပိုင်းတို့နှင့် ဆက်သွယ်ထားသည်။

အာဆီယံလမ်းမကြီး(AH-112)၏ လမ်းအခွဲသည် စုစုပေါင်းလမ်းမိုင် (၃၇/၄)မိုင်ရှိပြီး ပြည်ထောင်စုလမ်းများဖြစ်သည့် လေညှာ-ထိုင်း နယ်စပ် (ခလုံလွှိုင်) လမ်းပိုင်းတို့နှင့် ဆက်သွယ်ရန် လျာထားသတ်မှတ်သည်။

အာဆီယံလမ်းမကြီး (AH-123) သည် စုစုပေါင်းလမ်းမိုင် (၈၈/၁)မိုင်ရှိပြီး ပြည်ထောင်စုလမ်းများဖြစ်သည့် ထားဝယ်(ရေနက်ဆိပ်ကမ်း)- ထိုင်းနယ်စပ် (မင်းသမီးတောင်ကြား) လမ်းပိုင်းတို့နှင့် ဆက်သွယ်ထားသည်။

Trilateral (အိန္ဒိယ-မြန်မာ-ထိုင်း)လမ်းမကြီးသည် စုစုပေါင်းလမ်းမိုင် ၈၄၅ မိုင်နှင့် တံတားပေါင်း ၂၆၃ စင်းပါဝင်ပြီး ပြည်ထောင်စုလမ်းများဖြစ်သည့် တမူး-ပုဂံ-မြဝတီလမ်းပိုင်းတို့နှင့် ဆက်သွယ်ထားသည်။

BIMSTEC (ဘင်းစတက်)လမ်းမကြီးသည် စုစုပေါင်း လမ်းမိုင် ၈၈၀ နှင့် တံတားပေါင်း ၄၉၃ စင်းပါဝင်ပြီး ပြည်ထောင်စုလမ်းများဖြစ်သည့် တမူး-ဂန့်ဂေါ-ထီးလင်း-မန္တလေး-မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းပိုင်းတို့နှင့် ဆက်သွယ်ရန် လျာထားသည်။

G.M.S ၊ မဟာမဲခေါင်ဒေသလမ်းမကြီး R-3 သည် စုစုပေါင်းလမ်းမိုင် ၁၆၀ ရှိပြီး တာချီလိတ်-ကျိုင်းတုံ-မိုင်းလားလမ်းတို့နှင့် ဆက်သွယ်ထားသည်။ မဟာမဲခေါင်ဒေသလမ်းမကြီး R-4 သည် စုစုပေါင်းလမ်းမိုင် ၁၀၉ မိုင်ရှိပြီး ပြည်ထောင်စုလမ်းများဖြစ်သည့် လားရှိုး-မူဆယ်လမ်းပိုင်းတို့နှင့် ဆက်သွယ်ထားသည်။ R-7 လမ်းသည် စုစုပေါင်းလမ်းမိုင် ၄၁၀ ရှိပြီး ပြည်ထောင်စုလမ်းများဖြစ်သည့် ကျိုင်းတုံ၊ လွိုင်လင်-သီပေါ-လားရှိုးလမ်းပိုင်းတို့နှင့် ဆက်သွယ်ထားသည်။

လီဒိုလမ်းမကြီးသည် စုစုပေါင်း လမ်းမိုင် ၃၁၀ ရှိပြီး ပြည်ထောင်စုလမ်းများဖြစ်သည့် နန်းယွန်း-ပန်ဆောင်-တနိုင်း-မြစ်ကြီးနား-ဆဒုံး-ကန်ပိုက်တီး လမ်းပိုင်းတို့နှင့် ဆက်သွယ်ထားသည်။

မြန်မာနိုင်ငံအတွင်း နိုင်ငံတကာဆက်သွယ်သည့် လမ်းများပေါ်တွင် အဓိကအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံသားလုပ်ငန်းရှင်များက B.O.T စနစ်ဖြင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည့်အတွက် အဓိကလမ်းအပိုင်းများသည် အာဆီယံစံနှုန်းဖြစ်သည့် Class III အဆင့် ၃၇ ရာခိုင်နှုန်း ရောက်ရှိပြီးဖြစ်၍ ကျန်လမ်းအပိုင်းများကို အဆင့်မီလမ်းများဖြစ်ရန် စီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိသည်။

AH-3 (အာရှ-အာဆီယံ) ကျိုင်းတုံ-မိုင်းလားလမ်း၊ G.M.S၊ R-3 တာချီလိတ်- ကျိုင်းတုံ-မိုင်းလားလမ်းနှင့် AH-147 (အာရှ-အာဆီယံ) မန္တလေး-လားရှိုး-သိန္နီ- ကွတ်ခိုင်-မူဆယ်လမ်းပိုင်းတို့သည် နိုင်ငံအတွင်းရှိ နိုင်ငံတကာနှင့် ဆက်သွယ်သည့် အဓိကပြည်ထောင်စုလမ်းများကို (Asian Highways Class-3) ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ကတ္တရာလမ်းနှင့် ကွန်ကရစ်တံတားများအဆင့် ဆောင်ရွက်ပြီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းပိုင်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးက "မြန်မာနိုင်ငံဟာ ပထဝီအနေအထားအရ အရှေ့တောင်အာရှနဲ့ တောင်အာရှဒေသအတွက် အချက်အချာကျတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လို့ လမ်းပန်းဆက်သွယ်ရေးကောင်းဖို့ လိုပါတယ်။ နိုင်ငံအတွင်းမှာ နိုင်ငံတကာနဲ့ ဆက်သွယ်မယ့် ပြည်ထောင်စုလမ်းမကြီးတွေပိုများလာရင် ဒေသအလိုက်ပိုပြီး ဖွံ့ဖြိုးတိုးတက်လာမှာ အမှန်ပါပဲ။ ပြည်တွင်းမှာ ငြိမ်းချမ်းရေးတွေလည်းရလာ၊ လမ်းတွေကလည်း ကောင်းလာတော့မယ်ဆိုရင် ကျွန်တော်တို့ပြည်သူတွေ လက်ခမောင်းခတ်နိုင်ပြီပေါ့ဗျာ"ဟု သူ၏အမြင်ကို ပြောကြားသည်။

# ဘက်ပေါင်းစုံမှ ကာကွယ်ပေလေ - ယဉ်ကျေးမှုအမွေ

**ဘာငြိမ်းဝေ**

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များသည် ခေတ်ကာလအလျောက် ပြောင်းလဲလျက်ရှိသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပထဝီဝင်၊ ရာသီဥတု စသည့်ရေစီးကြောင်းအမျိုးမျိုးအကြားတွင် လူသားမျိုးနွယ်အဆက်ဆက်အဆင့်ဆင့်မှ ပျက်ယွင်းပျောက်ကွယ်သွားခြင်းမရှိစေရန် ထိန်းသိမ်းနိုင်ခဲ့ခြင်း၊ ထိုသို့ ထိန်းသိမ်းရကောင်းမှန်းသိသည့် အတွေးအခေါ် အယူအဆမြင့်မားခဲ့ခြင်းတို့ကြောင့် ယနေ့တိုင် ကျန်ရှိတည်မြဲနေခြင်းဖြစ်သည်။ ထိန်းသိမ်းစောင့်ရှောက်ထားသော ယဉ်ကျေးမှုအမွေအနှစ်များ၏ နှစ်ပရိစ္ဆေဒ ကြာမြင့်မှုကိုလိုက်၍ သမိုင်းတန်ဖိုး၊ ရှေးဟောင်းတန်ဖိုးများလည်း မြင့်မားခဲ့ကြပါသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုပေါင်း များစွာဖြင့် စုဖွဲ့၍ နှစ်ပေါင်းရှည်ကြာစွာ တည်တံ့လာခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ လူမျိုးဓလေ့စရိုက်များ စုံလင်လှသော်လည်း နိုင်ငံအနှံ့အပြား ပြန့်ကျဲတည်ရှိနေသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ရတနာများအပေါ်တွင်မူ တညီတညွတ်တည်း အလေးဂရုပြု တန်ဖိုးထားခဲ့ကြပါသည်။ နှစ်ကာလရှည်လျား၍ ခိုင်လုံသောအထောက်အထားများဖြင့် ပြည့်စုံသည့် ထည်ဝါဂုဏ်မြောက်သော ထိုယဉ်ကျေးမှုအမွေအနှစ်များကြောင့်လည်း ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာ မျက်နှာပန်းလှခဲ့ရပါသည်။

ရှေးဘိုးဘေးအစဉ်အဆက်မှ မြတ်နိုးစွာ စောင့်ရှောက်ထိန်းသိမ်းလာခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များကို အသက်တမျှ မြတ်နိုးတန်ဖိုးထား၍ လက်ဆင့်ကမ်း ကာကွယ်စောင့်ရှောက်ရမည့်တာဝန်သည် နိုင်ငံသားတိုင်း၏မွေးရာပါတာဝန်ဖြစ်သည်။ ငွေကြေးပြည့်စုံခြင်းကြောင့် ခေတ်မီဆန်းပြားသော လူမှုပတ်ဝန်းကျင်မျိုးစုံ (ဥပမာ-Disney Land မျိုးကဲ့သို့)ကို ဖန်တီးတည်ဆောက်ယူ၍ ရနိုင်သော်လည်း နှစ်ပရိစ္ဆေဒကြာမြင့်၍ သမိုင်းအထောက်အထားခိုင်မာသည့် ယဉ်ကျေးမှုအမွေအနှစ်များကိုကား မူလသဘာဝအရင်းအမြစ်အတိုင်း ဖန်တီးယူ၍မရပါ။

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့သည် မိမိတို့တွင်ရှိပြီးဖြစ်သော ရှေးဟောင်းအမွေအနှစ်ဒေသ၊ ရှေးဟောင်းအဆောက်အအုံ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများကို လွန်စွာမှမြတ်နိုးတန်ဖိုးထားကြပါသည်။ မိမိပြည်တွင်းမှလည်းကောင်း၊ နိုင်ငံအသီးသီးမှလည်းကောင်း စိတ်ဝင်တစား လာရောက်လေ့လာကြသူများအား တန်ရာတန်ဖိုးသတ်မှတ်၍ ကြည့်ရှုလေ့လာခွင့်ပြုထားကြပါသည်။ တန်ရာတန်ကြေးဖြင့် ထိုသို့လေ့လာခွင့်ပြုထားသော်လည်း သမိုင်းတန်ဖိုး၊ ရှေးဟောင်းတန်ဖိုး၊ အနုလက်ရာတန်ဖိုး၊ ရေမြေသဘာဝတန်ဖိုးကိုလိုက်၍ ကန့်သတ်ချက်များစွာဖြင့် ဆေးလိပ်သောက်ခွင့်မပြုသည့်နေရာ၊ အစားအသောက်များ သယ်ဆောင်စားသောက်ခွင့်မပြုသည့်နေရာ၊ ဖိနပ်စီးခွင့်မပြုသည့်နေရာ၊ အဆောက်အအုံပေါ် တက်ခွင့်မပြုသည့်နေရာ၊ လက်ဖြင့် ကိုင်တွယ်ခွင့်မပြုသည့်နေရာ၊ ဓာတ်ပုံနှင့်ဗီဒီယို ရိုက်ကူးခွင့်မပြုသည့်နေရာ၊ ဈေးရောင်းချခွင့်မပြုသည့်နေရာ စသည်ဖြင့် ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ ရှိကြပါသည်။ ထိုနေရာ ထိုဒေသများသည် သာမန်ဥယျာဉ်၊ ပန်းခြံ၊ ကမ်းခြေ၊ ရေကန်များကဲ့သို့ အလည်အပတ် ပျော်ပွဲစားထွက်ရုံသက်သက်နေရာများမဟုတ်ကြပါ။ ထိုနိုင်ငံနှင့် ထိုနိုင်ငံသားများက ဂုဏ်ယူရသော ပြည်တွင်း ပြည်ပဧည့်သည်များက ရင်သပ်ရှုမောအံ့သြစွာ ဗဟုသုတရယူကြသော ယဉ်ကျေးမှုအမွေအနှစ်နေရာများ ဖြစ်ကြပါသည်။

တန်ရာတန်ဖိုးရယူခြင်းအပိုင်းနှင့်ပတ်သက်၍ နှိုင်းယှဉ်လေ့လာနိုင်စေရေးအတွက် ပြည်ပနိုင်ငံများမှ နေရာဒေသအချို့ကို ဖော်ပြလိုပါသည်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြဘုရားတစ်ဆူတည်းကိုပင် ဝင်ရောက်လေ့လာဖူးမြော်ပါက တစ်ကြိမ်လျှင် နိုင်ငံခြားသားတစ်ဦးအတွက် ၁၁ ဒသမ ၆၉ ဒေါ်လာ၊ နန်းတော်သို့ဝင်ရောက်ပါက ၈ ဒသမ ၃၃ ဒေါ်လာ၊ ဆူကိုထိုင်းဒေသသို့ဝင်ရောက်ပါက ၁၀ ဒေါ်လာ၊ အယုဒ္ဓယဒေသသို့ ဝင်ရောက်ပါက ၆ ဒေါ်လာဖြစ်ပါသည်။ ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်ဘုရားကျောင်းသို့ ဝင်ရောက်ပါက တစ်ရက်လျှင် ဒေါ်လာ ၂၀၊ သုံးရက်လျှင် ဒေါ်လာ ၄၀၊ ခုနစ်ရက်လျှင် ဒေါ်လာ ၆၀ ဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံ ဗောဓောဗုဒ္ဓေါဘုရားသို့ ဝင်ရောက်ပါက တစ်ကြိမ်လျှင် ၁၅ ဒေါ်လာဖြစ်ပါသည်။ တရုတ်နိုင်ငံ ရှေးဟောင်းနန်းတော် (Forbidden City) တစ်ခုတည်းသို့ ဝင်ရောက်ပါက ၈ ဒသမ ၅၇ ဒေါ်လာ၊ နွေရာသီနန်းတော်(Summer Palace) သို့ဝင်ရောက်ပါက ၅ ဒသမ ၇၁ ဒေါ်လာဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ တပ်ဂျ်မဟာ (Taj Mahal) တစ်ခုတည်းသို့ ဝင်ရောက်ပါက တစ်ဦးလျှင် ၁၆ ဒသမ ၅၉ ဒေါ်လာ နှုန်းဖြင့် အသီးသီးကောက်ခံပြီးမှ ဝင်ရောက်လေ့လာကြည့်ရှုခွင့်ရှိကြပါသည်။

မိမိတို့ ယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ ဝင်ကြေးကောက်ခံမှုနှုန်းထားများမှာ မိမိတို့လေ့လာကြည့်ရှုခွင့်ပြုထားသော ရှေးဟောင်းတန်ဖိုး၊ သမိုင်းတန်ဖိုး၊ အနုလက်ရာတန်ဖိုး၊ ဗိသုကာတန်ဖိုး အထောက်အထားများနှင့် နှိုင်းစာလျှင်သော်လည်းကောင်း အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်သော်လည်းကောင်း၊ ချိုသာသည်ဟု ဆိုရပေမည်။ မန္တလေးရှေးဟောင်းယဉ်ကျေးမှုဒေသအတွင်းသို့ နိုင်ငံခြားသားတစ်ဦးလျှင် ဝင်ကြေး ၁၀ဒေါ်လာဖြစ်ပြီး ခုနစ်ရက်အတွင်း လှည့်လည်လေ့လာကြည့်ရှုနိုင်ပါသည်။ မန္တလေးဒေသတွင် မန္တလေးတောင်၊ ရွှေနန်းတော်ကျောင်း၊ မဟာအတုလဝေယန်အတုမရှိကျောင်း၊ မြနန်းစံကျော်ရွှေနန်းတော်၊ ဗားကရာကျောင်း စသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နေရာများ ပါဝင်ပါသည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်တစ်ခွင်တစ်ပြင်ကိုလည်း ခုနစ်ရက်အတွက် ၁၀ ဒေါ်လာသာ ကောက်ခံပါသည်။ ပဲခူးကမ္ဘောဇသာဒီနန်းတော်အပါအဝင် ပဲခူးယဉ်ကျေးမှုဓလေ့ကိုလည်း ၁၀ ဒေါ်လာ ကောက်ခံပြီး ခုနစ်ရက် လှည့်ပတ်လေ့လာကြည့်ရှုနိုင်ပါသည်။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ စုစည်းရာ ရှေးဟောင်းယဉ်ကျေးမှုဇုန် နယ်မြေများ၊ ရှေးဟောင်းအမွေအနှစ်ဝတ္ထုပစ္စည်းများ ထိုဝတ္ထုပစ္စည်းများ စုဆောင်းပြသရာ ယဉ်ကျေးမှုပြတိုက်များသည် တိုင်းပြည်၏ ဥပမိရုပ်များ ဖြစ်ကြပါသည်။ အထူးသဖြင့် "ပုဂံဒေသ" ကဲ့သို့ ရှေးဟောင်းယဉ်ကျေးမှုစေတီပုထိုးပေါင်း သုံးထောင်ကျော်တည်ရှိရာဒေသကို ဓာတ်ပုံ၊ ရုပ်ရှင်၊ ဗီဒီယိုများမှတစ်ဆင့် မြန်မာပြည်တွင်းသာမက ကမ္ဘာတိုင်အောင် ပျံ့နှံ့စေခြင်းအကျိုးငှာ ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် နှုန်းထားများသတ်မှတ်၍ ရိုက်ကူးခွင့်ပြုခဲ့ပါသည်။ ထိုသို့ ခွင့်ပြုခြင်းသည် ရိုက်ကူးသူများအနေဖြင့် မိမိတို့ဖန်တီးတင်ပြသည့် အနုပညာတစ်ရပ်အတွက်လည်း ကြီးစွာအထောက်အပံ့ဖြစ်စေပြီး သမိုင်းတန်ဖိုးကြီးမားသော မြန်မာ့ရှေးဟောင်းအမွေအနှစ် ရှုခင်းရှုကွက်များကို ခြယ်မှုန်းခွင့်ရကြသကဲ့သို့ မြန်မာ့ယဉ်ကျေးမှုရှုထောင့်မှ ကြည့်လျှင်လည်း တစ်နံတစ်လျား ကျယ်ပြောသော ရှေးဟောင်းပုဂံဒေသကြီးကို ပြည်သူများ၊ ကမ္ဘာတစ်ဝန်းမှ ရှေးဟောင်းယဉ်ကျေးမှုမြတ်နိုးသူများ သိမြင်ခံစားနိုင်စေရေးအတွက် အထောက်အပံ့ဖြစ်စေခဲ့ပါသည်။ ထိုသို့ ရှေးဟောင်းတန်ဖိုး၊ သမိုင်းတန်ဖိုး၊ အနုပညာလက်ရာတန်ဖိုး၊ ဗိသုကာတန်ဖိုးများ မြင့်မားလှသော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို မီဒီယာမှတစ်ဆင့် နိုင်ငံသားများ သိရှိဂုဏ်ယူနိုင်စေရန်အတွက်လည်းကောင်း၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်လိုစိတ်များ ပွားများစေရန်အတွက်လည်းကောင်း၊ ကမ္ဘာသူ ကမ္ဘာသားများကလည်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို မီဒီယာမှတစ်ဆင့်သိရှိ၍ မြန်မာကိုကမ္ဘာက ပိုမိုသိရှိနိုင်စေရေးအတွက်လည်းကောင်း၊ ရုပ်ရှင်နှင့် ဗီဒီယိုရိုက်ကူးခြင်းများအတွက် ရိုက်ကူးခနှုန်းများကို ယခင်ထက် လျှော့ချ၍ ရိုက်ကူးခွင့်ပြုလျက်ရှိပါသည်။ သို့ရာတွင် နိုင်ငံအသီးသီးရှိ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများ၏ သတ်မှတ်စံနှုန်းများနှင့်အညီ သက်တမ်းရင့်လှပြီဖြစ်သော ထိလွယ်ခိုက်လွယ် ကျိုးပဲ့လွယ်သော ရှေးဟောင်းအနုလက်ရာ အင်္ဂတေပန်းများ၊ စဉ့်ကွင်းစဉ့်ချပ်များ၊ နံရံဆေးရေးပန်းချီများ၊ အဆောက်အအုံများနှင့် ပတ်သက်သည့် ကြိုတင်ကာကွယ်ပြဌာန်းချက်များကိုကား မလွဲမသွေလိုက်နာကြရမည် ဖြစ်ပေသည်။ ထို့ပြင် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းအဆောက်အအုံများသည် များသောအားဖြင့် ဘာသာရေးကို အခြေခံ၍ တည်ဆောက်ထားပြီး ဗုဒ္ဓဆင်းတုတော်များ၊ ဓာတ်တော်မွေတော်များသည် စေတီတော်၊ ပုထိုးတော်တို့အတွင်း၌ ကိန်းဝပ်လျက်ရှိခြင်းကြောင့် ဘုရားအပေါ်သို့ လူမျိုးမရွေး၊ ကျား/မ မရွေး တက်ရောက်ပါက အဂါရဝဖြစ်စေသည် ဆိုသည့်အချက်ကို သတိချပ်ရန်လိုပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံတိုင်းသည် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို မြတ်နိုးထိန်းသိမ်းကြပါသည်။ ထိုသို့ ထိန်းသိမ်းစောင့်ရှောက်ရမည့်၊ ကာကွယ်ရမည့် တာဝန်များသည် နိုင်ငံတော်သာမက ထိုနိုင်ငံရှိ နိုင်ငံသားတိုင်း၏ မွေးရာပါ တာဝန်ဖြစ်ပါသည်။ ထိုသို့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရုံမျှမက၊ ကမ္ဘာတည်သရွေ့ သားစဉ်မြေးဆက် လက်ဆင့်ကမ်း၍ အဓွန့်ရှည်တည်တံ့ရေးဆောင်ရွက်ရန်မှာလည်း ထိုနိုင်ငံသားတို့၏ မွေးရာပါတာဝန်ပင်ဖြစ်ပေတော့သည်။ ။

**ကမာရွတ်မြို့နယ် အခြေခံပညာကျောင်းများ ငွေစု၊ ငွေချေးသမဝါယမ အသင်းလီမိတက်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇွန် ၂၇ ရက်က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်စန္ဒာအောင် အသင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။** (၁၆၇)



## လမ်း/တံတားများ ရေရှည်တည်တံ့ရန်နှင့် ပျက်စီးမှုလျော့နည်းစေရန် ကုန်တင်ယာဉ်ကြီးများသတ်မှတ်တန်ချိန်အတိုင်းတင်ဆောင်၍ ဖြတ်သန်းသွားလာ

**နေပြည်တော် ဇူလိုင် ၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (၆၉)ခရိုင်မှ ခရိုင်အင်ဂျင်နီယာမှူးများလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၅ ရက်နှင့် ၆ ရက် နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံးအစည်းအဝေးခန်းမဆောင်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က အမှာစကားပြောကြားရာတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (၆၉)ခရိုင်မှ ခရိုင်အင်ဂျင်နီယာမှူးများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် အထူးအလေးထားဆောင်ရွက်ရန်လိုကြောင်း၊ မိမိခရိုင်အတွင်းရှိ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးစားဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ လမ်း/တံတားများ ရေရှည်တည်တံ့စေရန်နှင့် ပျက်စီးမှုလျော့နည်းစေရန် လမ်းပေါ်တွင်ဖြတ်သန်းသွားလာသည့်ကုန်တင်ယာဉ်ကြီးများ သတ်မှတ်တန်ချိန်အတိုင်းတင်ဆောင်၍ ဖြတ်သန်းသွားလာရေး အထူးအလေးထားဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိခရိုင်အတွင်းရှိ B.O.T လမ်းများကိုလည်း ကြီးကြပ်ဆောင်ရွက်သွားရေး၊ မိမိအလုပ်ကို တာဝန်ကျေပွန်စွာ ကြိုးစားလုပ်ကိုင်ရေး၊ အင်ဂျင်နီယာလုပ်ငန်းများတွင် နည်းပညာများတိုးတက်အောင် ဆောင်ရွက်ရေးနှင့် ခရိုင်အင်ဂျင်နီယာမှူးများအနေဖြင့် မိမိလက်အောက်ရှိ မြို့နယ်အင်ဂျင်နီယာများ၏ လုပ်ငန်းများကိုလည်း ကြီးကြပ်ဆောင်ရွက်ပေးရသကဲ့သို့ အင်ဂျင်နီယာမှူးကြီးများ၏ လုပ်ငန်းများကိုလည်း တာဝန်ယူဆောင်ရွက်ပေးရသည့်အတွက် လုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ဝန်ကြီးဌာနလုပ်ငန်းများတိုးတက်အောင်မြင်အောင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲများရှိ အင်ဂျင်နီယာများအနေဖြင့် အဆောက်အအုံ လေယာဉ်ကွင်း၊ လမ်း၊ တံတားများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားရန်နှင့် မိမိအဆင့်အလိုက် တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်လွင်က အင်ဂျင်နီယာလုပ်ငန်းများနှင့် ဘဏ္ဍာငွေကြေးသုံးစွဲမှုတို့ကို မှာကြားပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးများ၊ အင်ဂျင်နီယာချုပ်နှင့် ခရိုင်အင်ဂျင်နီယာမှူးများက လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (၆၉)ခရိုင်မှ ခရိုင်အင်ဂျင်နီယာမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## နေပြည်တော် သစ်တောကြိုးဝိုင်းနယ်မြေအတွင်း တရားမဝင် အဆောက်အအုံငယ်များ ဖယ်ရှား

**နေပြည်တော် ဇူလိုင် ၆**

နေပြည်တော် ကောင်စီနယ်မြေအတွင်း ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရန်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် နေပြည်တော်ကောင်စီမှ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်များရှိ သစ်တောကြိုးဝိုင်းနယ်မြေများတွင် တရားမဝင် ဆောက်လုပ်နေထိုင်လျက်ရှိသည့် အဆောက်အအုံငယ်များနှင့် သင်္ကေယံမိုး၊ ထရံကာ၊ ယာယီတဲများကို စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါ စစ်ဆေးတွေ့ရှိခဲ့သော အဆောက်အအုံငယ်များနှင့် ယာယီတဲအချို့တွင် သံဃာအချို့ သီတင်းသုံးနေထိုင်လျက်ရှိကြောင်း တွေ့ရှိရသည့်အတွက် သက်ဆိုင်ရာ သာသနာရေးဝန်ကြီးဌာနနှင့် သစ်တောဦးစီးဌာနတို့သို့ စိစစ်အကြောင်းပြန်ကြားပေးရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ သစ်တောဦးစီးဌာနမှ အဆိုပါ အဆောက်အအုံများ ဆောက်လုပ်ထားသော နယ်မြေမှာ သစ်တောကြိုးဝိုင်း နယ်မြေဖြစ်ကြောင်း စိစစ်ပြန်ကြားခဲ့သည်။

သာသနာရေးဝန်ကြီးဌာနအနေဖြင့်လည်း ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့မှ မြို့နယ်သံဃနာယက ဆရာတော်များအား လျှောက်ထား၍ ကွင်းဆင်းစစ်ဆေးခဲ့ရာ သံဃာအချို့ သီတင်းသုံးနေထိုင်လျက်ရှိသည့် ကျောင်းပေါင်း ၃၇ ကျောင်းကို တွေ့ရှိရပြီး ၎င်းကျောင်းများမှာ ယခင်ကတည်းက ဆောက်လုပ်ထားခြင်း မဟုတ်ဘဲ ယခုလပိုင်းအတွင်းမှသာ ပြောင်းရွှေ့ ရောက်ရှိနေထိုင်လျက်ရှိသောကျောင်းများဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

မြို့နယ်သံဃနာယက ဆရာတော်များက အဆိုပါကျောင်းများမှဆရာတော်များအား ၂၀၁၂ ခုနှစ် ဇွန်လ အတွင်း တွေ့ဆုံ၍ ကျောင်းများကို စိစစ်ရာတွင် အဆိုပါ ကျောင်းများမှာ မြို့နယ်သံဃနာယကအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ထားသော ကျောင်းများမဟုတ်ခြင်း၊ သစ်တောကြိုးဝိုင်းနယ်မြေအတွင်း ဝင်ရောက်ဆောက်လုပ်ထားခြင်း၊ ဆောက်လုပ်ထားသော အဆောက်အအုံများမှာလည်း ဘုန်းတော်ကြီးကျောင်းအင်္ဂါရပ်နှင့် ညီညွတ်မှုမရှိခြင်း၊ ကျောင်းရှိ သံဃာအချို့မှာ သာသနာဝင်မှတ်တမ်းမရှိခြင်းတို့ကြောင့် ကျူးကျော်ကျောင်းများအဖြစ် သတ်မှတ်ပြီး အမြန်ဆုံးဖယ်ရှားပေးရန် မိန့်ကြားခဲ့သည်။

သို့ပါ၍ အဆိုပါကျောင်းများမှာ ကျူးကျော်ကျောင်းများဖြစ်သဖြင့် ရှင်းလင်းဖယ်ရှားပေးပါရန်နှင့် ပြောင်းရွှေ့ဖယ်ရှားရာတွင် ဆောက်လုပ်ထားသော ကျောင်းများ၏ ကုန်ကျစရိတ်အား အလှူငွေအဖြစ် ကျောင်းများအလိုက် ဝတ္ထုငွေများကို ထောက်ပံ့လှူဒါန်းခြင်း၊ ပြောင်းရွှေ့ရာတွင် ကျောင်းမှအလိုရှိသည့်ပစ္စည်းများ သယ်ယူနိုင်ရန် ယာဉ်များစီစဉ်ပေးခြင်းတို့ကို သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ သစ်တောဧရိယာအတွင်း ကျူးကျော် ဆောက်လုပ်ထားသော ကျောင်း ၃၇ ကျောင်းရှိသည့်အနက် ၁၃ ကျောင်းမှာ ၂၀၁၂ ခုနှစ် ဇူလိုင်လအတွင်းတွင် ကျောင်းအလိုက် ထောက်ပံ့လှူဒါန်းသည့် ဝတ္ထုငွေများလက်ခံရယူ၍ ကျောင်းမှအလိုရှိသည့် ပစ္စည်းများကို ယူဆောင်ပြီး ပြောင်းရွှေ့ဖယ်ရှားသွားခဲ့ကြပြီးဖြစ်သည်။ ယင်းပြောင်းရွှေ့သွားကြသည့် ကျောင်း ၁၃ ကျောင်းမှ ကောင်းမွန်ပြီး အသုံးဝင်သောပစ္စည်းများအား ဆရာတော်များမှ သယ်ယူသွားပြီး အသုံးမဝင်ဘဲ ကျန်ရှိနေခဲ့သော အဆောက်အအုံအစိတ်အပိုင်းများနှင့် အသုံးမဝင်တော့သည့် စွန့်ပစ်ပစ္စည်းများကို နေပြည်တော်ကောင်စီမှ ရွှေ့ပြောင်း၊ ရှင်းလင်းဖယ်ရှားခြင်းများ ဆောင်ရွက်ခဲ့သည်။

ပြောင်းရွှေ့ရန် ကျန်ရှိသည့် ကျောင်းများအား ဝိနည်းနှင့်အညီ ပြောင်းရွှေ့ သီတင်းသုံးနေထိုင်ကြရန် မြို့နယ်သံဃနာယကအဖွဲ့က မေတ္တာရပ်ခံလျှောက်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



**နေပြည်တော် ကောင်စီနယ်မြေသစ်တောကြိုးဝိုင်းအတွင်း ကျူးကျော်ဆောက်လုပ်ထားသော ယာယီတဲတစ်လုံးကို တွေ့ရစဉ်။** (သတင်းစဉ်)

## မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အလှူငွေနှင့် စာအုပ်စာစောင်လှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၆**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် နိုင်ငံတစ်ဝန်းလုံး၌ ဖွင့်လှစ်ထားရှိသော စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ စာကြည့်တိုက်များအား ထောက်ပံ့ကူညီနိုင်ရေးအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက အလှူငွေနှင့် စာအုပ်စာစောင်လှူဒါန်းပွဲအခမ်းအနားကို ၂၀၁၂ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့ မွန်းလွဲ ၁ နာရီအချိန်တွင် အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပါဝင်လှူဒါန်းလိုကြသော စေတနာရှင်အလှူရှင်များသည် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဖုန်း-၀၁-၃၉၈၇၅၆ သို့လည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖုန်း-၀၁-၃၇၁၃၄၂၊ ၂၀၁၉၃၆ သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ သံဖြူဇရပ်မြို့နယ်၌ကျင်းပ

**သံဖြူဇရပ် ဇူလိုင် ၆**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် သစ်တောဦးစီးဌာန၏ ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃၀ ရက် နံနက်က သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ဓမ္မစေတီရပ်ကွက် ကျိုက္ခမီရေလယ်ဘုရားအနီး ကုန်းတော်ပေါ်၌ ကျင်းပသည်။ အခမ်းအနားတွင် မွန်ပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီးဌာနဝန်ကြီးဦးဝင်းမော်ဦး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်၊ သာသနာရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးထွန်းလှိုင်တို့က ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များသို့ ပျိုးပင်များကို ဖြန့်ဝေပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ သစ်တောဦးစီးဌာန မော်လမြိုင်-သထုံခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးချို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲကျော်ခိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဖိုးချိုနှင့် ဝန်ထမ်းများ၊ ကျိုက္ခမီမြို့ပေါ်နှင့် ပတ်ဝန်းကျင်ရှိရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကျွန်း၊ မဟော်ဂနီ၊ ပုန်းညက်၊ ကံ့ကော်၊ ခရေ၊ ယူကလစ်၊ ရေတမာ၊ ကုက္ကို ပျိုးပင်ပေါင်း ၆၁၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**

# နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီးဆောင်ရွက်ပေး

**လှိုင်းဘွဲ့ ဇူလိုင် ၆**

မိုးပွင့်အဆင့်(၃) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး အခမဲ့ထုတ်ပေးခြင်းလုပ်ငန်းကို ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးမင်းသူအောင်နှင့် ဝန်ထမ်းများ ဒိုင်းပြကျေးရွာတွင် ဇွန် ၂၈ ရက်က ဒိုင်းပြဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ပေးနေခြင်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်းညွန့်၊ ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းဇော်၊ NRC အဖွဲ့မှ Mr. Refeal တို့ လာရောက်ကြည့်ရှုအားပေးကြသည်။ ထိုနေ့က ပြည်သူ ၂၅၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး အခမဲ့ထုတ်ပေးခဲ့ကြောင်းသိရှိရသည်။ **(မြို့နယ်လဝက)**



# စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်

**ရန်ကုန် ဇူလိုင် ၆**

ဗဟန်းမြို့နယ် ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၃ ရက် မွန်းလွဲ ၁နာရီက ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေးက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးမှူး ဦးနေဝင်းက နှစ်စဉ်စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ဌာနဆိုင်ရာများအား စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်လွှာများကိုပေးအပ်ခဲ့ကြောင်းသိရှိရသည်။ **(အပေါ်ပုံ)(မြို့နယ်ထွေ/အုပ်)**

# မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဟောပြော

**မြင်းခြံ ဇူလိုင် ၆**

မြင်းခြံခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၂၆ ရက်က အထက(၁) ရောဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌမှ ပေးပို့သောသဝဏ်လွှာကို မြင်းခြံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဇေယျက ဖတ်ကြားပြီး မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာချစ်ထူးက မူးယစ်ဆေးဝါးနှင့်ကျန်းမာရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးဆန်းဝင်းက မူးယစ်ဆေးဝါးနှင့်သက်ဆိုင်သော ဥပဒေများကို လည်းကောင်း၊ မြင်းခြံမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးမြင့်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြပြီးနောက် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲတွင် ဆုရရှိသူများအား မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝင်းတင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဇေယျ**(အောက်ပုံ)**နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေမောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးမြင့်တို့က ဆုများချီးမြှင့်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်ထွေ/အုပ်)**



မြန်မာ့အလင်း

စာတည်းထံပေးစာများ

## ပျံကျဈေးသည်များ ကြပ်မတ်ပေးပါ

**စာတည်းခင်ဗျား-**

သဃ်န်းကျွန်းမြို့နယ် ဗိုလ်ကံညွှန့်ရပ်ကွက်နှင့် ဦးစံဖေရပ်ကွက်ကြားရှိ ဇမ္ဗူဒိတ်လမ်းမကြီးပေါ်ရှိ ပျံကျဈေးသည်များကြောင့် လမ်းပိတ်ဆို့နေသဖြင့် အရေးပေါ်ယာဉ်များ ဝင်ထွက်ရန် အခက်အခဲရှိပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ဇမ္ဗူဒိတ်သား**

## နွားများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရ

**စာတည်းခင်ဗျား-**

ရွှေပေါက်ကံမြို့သစ် (၁၁)ရပ်ကွက်အတွင်းရှိ စီးပွားဖြစ် နွားမွေးမြူရေးခြံမှ နွားများကြောင့် လမ်းများပျက်စီးခြင်း၊ စည်ပင်ရေပိုက်လိုင်းများ ကျိုးပဲ့ပျက်စီးရသဖြင့် ရပ်ကွက်နေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသောကြောင့် လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါသည်။ **(၁၁)ရပ်ကွက်သား**

## သဲကန့်များတည်ဆောက်ရောင်းချနေမှု အရေးယူပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့ဟောင်းအလယ်ရပ်ကွက် သဘော်ဆိပ်အနီးရှိ ကမ်းနားလမ်းပေါ်တွင် လုပ်ငန်းရှင်အချို့သည် စည်းကမ်းမဲ့ သဲကန်များ တည်ဆောက်ပြီး ရောင်းချလျက်ရှိရာ အများပြည်သူများအတွက် ယာဉ်အန္တရာယ်များ ကြုံတွေ့နေရသည့်အပြင် လမ်းမကြီးပေါ်တွင် ရေများဝပ်ကာ လမ်းပျက်စီးလျက်ရှိသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြလိုက်ရပါသည်။ **ရပ်ကွက်သား**



# မိုးရာသီသီးနှံစိုက်ပျိုးစရိတ် ဘိုကလေး၌ ထုတ်ချေးပေး

**ဘိုကလေး ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများအား ၂၀၁၂ ခုနှစ် မိုးစပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု ဘဏ်ချေးငွေ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၉ ရက် နံနက်၁၁နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာဦးဇော်လွင်ကဘဏ်ချေးငွေဆိုင်ရာ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၁၂ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် ဘိုကလေးမြို့နယ် သဇင်ကုန်းကျေးရွာနှင့် သုံးထပ်ကျေးရွာတို့မှ တောင်သူလယ်သမား ၅၈၉ ဦးတို့၏ စိုက်ဧက ၄၉၅၈ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်၅၀၀၀၀နှုန်းဖြင့် သဇင်ကုန်းကျေးရွာအတွက် ချေးငွေကျပ်၁၄၂၈သိန်းနှင့် သုံးထပ်ကျေးရွာအတွက် ချေးငွေကျပ် ၁၀၅၁ သိန်းတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်ကပေးအပ်ရာ တောင်သူလယ်သမားများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံယူကြကြောင်း သိရှိရသည်။ **(ဝ၆၅)**

မြန်မာ့အလင်း

## ကျန်းမာရေးသုတ

# ရာသီတုပ်ကွေး ဂရုပြုဆင်ခြင်ရန်လိုအပ်

**ခင်ရတနာ**

**ရန်ကုန် ဇူလိုင် ၆**

*ရာသီဥတုအကူးအပြောင်းနှင့် မိုးဆက်တိုက်ရွာသွန်းနေမှုများကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ရာသီတုပ်ကွေးဖျားနာမှုများ ဖြစ်ပွားတတ်သဖြင့် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ထားကြရန် လိုအပ်လျက်ရှိကြောင်း ဆရာဝန်တစ်ဦးက ပြောကြားခဲ့သည်။*

*"အခုအချိန်မှာ ဆေးခန်းတိုင်းလိုလို လူများတဲ့ကာလဖြစ်နေတယ်။ အများစုက ရာသီအပြောင်းအလဲကြောင့် အအေးမိပြီး နှာစေးချောင်းဆိုး လည်ချောင်းနာလာရာကနေ အပူချိန်မြင့်တက်လာတတ်ကြတယ်။ ရာသီတုပ်ကွေး ဆိုပေမယ့်လည်း ပေါ့ဆလို့ မရတာတွေ အများကြီးရှိတယ်။ ဆေးတွေအနေနဲ့လည်း မိမိနဲ့နီးစပ်ရာ ဆေးဆိုင်တွေမှာ စပ်ခိုင်းပြီး သောက်ကြရာကနေ ဆေး dots မမှန်တာတွေ၊ ဆေးယဉ်ပါးလာတာတွေ ဖြစ်လာတတ်လို့ နှစ်ရက်လောက်နဲ့ ပျောက်ရမယ့် ရောဂါက တစ်ပတ်လောက်ဖြစ်တာတွေ တွေ့လာရတယ်။ အများဆုံးကတော့ ကလေးတွေ တုပ်ကွေးမိပြီး ဖျားနာလာရင် ဒီအချိန်က သွေးလွန်တုပ်ကွေးဖြစ်တတ်တဲ့ရာသီဖြစ်လို့ ဂရုပြုပေးဖို့ လိုအပ်သလို လူကြီးတွေမှာလည်း ဆင်တုပ်ကွေးလို့ခေါ်တဲ့ ပြင်းထန်တဲ့ ဂျပန်တုပ်ကွေးမျိုးတွေက ခြင်ကိုက်ရာကနေ တစ်ဆင့်လည်း ဖြစ်ပေါ်တတ်တယ်" ဟု အထွေထွေရောဂါကု ဆရာဝန်တစ်ဦးဖြစ်သူ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။*

*လက်ရှိတွင် အဖြစ်များလျက်ရှိသည့် တုပ်ကွေးများမှာ ရိုးရိုးတုပ်ကွေးများသာဖြစ်သော်လည်း အများစုသောဝေဒနာခံစားရသူများသည် ကိုယ်အပူချိန်ကျဆင်းပြီး အဖျားပျောက်ကင်းပါကလည်း ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ နှာစေးခြင်း စသည့် ဘေးထွက်ရောဂါများကို ရက်သတ္တပတ်အနည်းငယ်ကြာအောင် ဆက်လက်ခံစားနေရတတ်ကြောင်းနှင့် အရေးတကြီးစိုးရိမ်စရာ မလိုအပ်သော်လည်း ပျောက်ကင်းသည်အထိ ဆေးဆက်လက်သောက်သုံးသင့်ကြောင်း ဆက်လက်ပြောပြသည်။*

*"အများစုက အဖျားတက်နေတဲ့အချိန်ပဲ ဆေးခန်းပြ၊ ဆေးသောက်လုပ်ကြပြီး အဖျားသက်သာလာတာနဲ့ ဆေးကိုလည်း ရပ်ပစ်လိုက်တယ်။ အနားယူမှုတွေလည်း မလုပ်ဘဲ ပုံမှန်အတိုင်းနေလိုက်တော့ ချောင်းဆိုးမပျောက်ဘဲ ရောဂါမစင်တတ်ဘူး။ ပိုးသတ်ဆေးတွေကိုလည်း အချိန်ပြည့်၊ ရက်ပြည့် သောက်သုံးသူ နည်းပါးတဲ့အတွက် အခုလို ဆက်ပြီးဖြစ်တတ်တာပါ။ ဖြစ်နိုင်ရင် တတ်ကျွမ်းတဲ့ ဆရာဝန်တွေဆီမှာ ပြသသင့်ပြီး အကြောင်းကြောင်းကြောင့် နီးစပ်ရာမှာ ဝယ်သောက်မယ်ဆိုရင်လည်း ဆေးကို သေသေချာချာ မေးမြန်းပြီးမှ သောက်သုံးသင့်ပါတယ်။ တချို့ဆိုရင် တီဘီလားတောင် အောက်မေ့ရလောက်အောင် ချောင်းတွေဆိုးပြီးမှ သက်သာသွားတာမျိုးတွေရှိလို့ သေသေချာချာ ဂရုစိုက်သင့်တယ်" ဟု ဗဟန်းမြို့နယ်ရှိ ဆေးကုခန်းတစ်ခုမှ လက်ထောက်ဆရာဝန်တစ်ဦးကလည်း ပြောပြသည်။*

*"ကာကွယ်မှုတွေအနေနဲ့ အဓိကကတော့ အခုအချိန်မှာ အသက် ၁၂နှစ်အောက်ကလေးတွေကို အထူးဂရုပြုသင့်ပါတယ်။ ခြင်တွေသားပေါက်တဲ့ ရာသီဥတုဖြစ်တာမို့ သွေးလွန်တုပ်ကွေးရောဂါဖြစ်မှာ စိုးရိမ်ရပါတယ်။ အကောင်းဆုံးကတော့ အိပ်ရေးဝဝအိပ်၊ အစာများများစား၊ ဗီတာမင်စီဓာတ်ပါတဲ့ အသီးအနှံတွေကို ကျွေးမွေးပေးပြီး ခြင်ကိုက်ခံရမှုမရှိအောင် ဝတ်ဆင်ပေး၊ ပတ်ဝန်းကျင်ကိုလည်း သန့်ရှင်းပြီး ခြင်မဝပ်နိုင်အောင်ကာကွယ်ပေးမယ်၊ အများသူငှာ လူတွေအကြားအချိန်ကြာမြင့်စွာ နေရချိန် ဒါမှမဟုတ် ကျောင်းချိန်တွေမှာဆိုရင်လည်း အတတ်နိုင်ဆုံး ကလေးတွေကို ရောဂါမကူးစက်နိုင်အောင်၊ မဖြစ်ပွားနိုင်အောင် ကာကွယ်ပေးဖို့လိုပါတယ်။ လူကြီးတွေ အနေနဲ့လည်း အဓိက ကတော့ ကိုယ်ခံအားကောင်းမွန်လာအောင် စားသောက်နေထိုင်ပြီး ကာကွယ်လို့ရပါတယ်" ဟု အဆိုပါ လက်ထောက်ဆရာဝန်က ဆက်လက်ရှင်းပြသည်။*

*အသက်ငယ်ရွယ်သည့် ကလေးဖြစ်စေ၊ လူကြီးဖြစ်စေ အကယ်၍ ကိုယ်အပူချိန် ၁၀၃ ဒီဂရီဖာရင်ဟိုက်အထက်ရှိလာပြီး ကိုယ်ခန္ဓာပေါ်တွင် အနီစက်များဖြစ်ပေါ်ခြင်း၊ ကော်ဖီရောင်အန်စ်များ အန်ခြင်းနှင့် ပြင်းထန်ပင်ပန်းစွာ အသက်ရှူနေရခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း စသည့် လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာ ကျန်းမာရေးဝန်ထမ်းများထံ အမြန်ဆုံးပြသသင့်ကြောင်း သိရှိရသည်။*


# ပုလဲသွယ်စပ်မျိုးစပါး သီပွံနည်းကျပေါင်စနစ်ဖြင့် ညောင်တုန်းမြို့နယ်၌ ပျိုးထောင်ပွဲ ကျင်းပ

**ညောင်တုန်း ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာအုပ်စု တောင်သူဦးကျင်လှိုင်၏ လယ်မြေတွင် ပုလဲသွယ် စပ်မျိုးစပါး သီပွံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ပွဲကို ဇူလိုင် ၁ ရက်ကကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးဦးမြင့်သိန်း၊ ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်အေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်အေးအေးစီနှင့် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူလယ်သမား ၁၅၀တို့ တက်ရောက်လေ့လာကြသည်။

ရှေးဦးစွာ စိုက်ပျိုးရေးပညာပေးဆွေးနွေးပွဲကို ဆားမလောက်ကျေးရွာ စိုက်ပျိုးရေး ပညာပေးစခန်း၌ကျင်းပရာ ညောင်တုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မင်းက အမှာစကား ပြောကြားသည်။ ထို့နောက် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနတိုင်းဦးစီးမှူးဦးမြင့်သိန်းက မိုးစပါးတစ်ဧက အထွက်နှုန်းတိုးရေးအတွက် ဆောင်ရွက်ရမည့်နည်းစနစ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ရာသီသီးနှံများဈေးကောင်းရရှိရေးအတွက် အချိန်ကိုက်တွက်ဆ စိုက်ပျိုးရန် ပညာပေးဆွေးနွေးသည်။ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေး တာဝန်ရှိသူများက တောင်သူဦးကျင်လှိုင်၏ လယ်မြေတွင် ပေါင်ပျိုးစနစ်ဖြင့် မျိုးစေ့ချ ပျိုးထောင်ခြင်းကို တောင်သူလယ်သမားများအား လက်တွေ့သရုပ်ပြကြပြီး ပုလဲသွယ် စပ်မျိုးစပါးကို စုပေါင်းမျိုးစေ့ချ စိုက်ပျိုးကြကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(ဝ၈၂)**







## လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နမ္မား-အခြေခံပညာအထက်တန်းကျောင်းသည် ၂၀၁၂ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်ချက် ၅၉.၆၇ရာခိုင်နှုန်းဖြင့် ကချင်ပြည်နယ်တွင် ပထမဆင့် ရရှိခဲ့ပြီး

၆ ဘာသာဂုဏ်ထူးရှင် (၁) ဦး (မောင်သီဟအောင်)
၅ ဘာသာဂုဏ်ထူးရှင် (၂) ဦး (မောင်ရဲလင်းထက်၊ မောင်ကျော်မင်းထက်)
၄ ဘာသာဂုဏ်ထူးရှင် (၅) ဦး
၃ ဘာသာဂုဏ်ထူးရှင် (၁၀)ဦး
၂ ဘာသာဂုဏ်ထူးရှင် (၁၄)ဦး
၁ ဘာသာဂုဏ်ထူးရှင် (၃၈)ဦး

ဂုဏ်ထူးရှင်စုစုပေါင်း ၇၀ ဦးဖြင့် ထူးထူးချွန်ချွန် အောင်မြင်ခဲ့ပါသည်။ ဤသို့ အောင်မြင်မှုရရှိအောင် စနစ်တကျ ဦးဆောင်မှုပေးခဲ့သော ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား မိဘများအား အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

## ပိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၇)သီဟတပ်ခွဲ၏ (၁၁-၇-၂၀၁၂)ရက်နေ့တွင် ကျရောက်သော (၁၅)ကြိမ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားဖိတ်ကြားခြင်း ကျင်းပပြုလုပ်မည့်အစီအစဉ်

၈-၇-၂၀၁၂ ရက်နေ့ ၁၀း၃၀ နာရီ သပြေတောင် မဟာစည်တောရကျောင်း၌ မိသားစုများအပါအဝင် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ၁၁-၇-၂၀၁၂ ရက်နေ့ ၁၉း၀၀နာရီတွင် တော်ဝင်ကုမုဒြာဟိုတယ်၌ ညစာစားပွဲ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သူငယ်ချင်းအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။


**ဆက်သွယ်ရန် -**

**ဗိုလ်မှူးအောင်ပိုင်ဦး ဖုန်း-၀၉-၈၃၀၂၆၀၄၊**
**ဦးစိန်လှိုင် ဖုန်း-၀၉-၅၀၉၉၅၅၇**

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(B1)မှမောင်နေသူရဇော်၏ မိဘအမည်ရင်းမှာ ဦးစံအေး ၁၃/နဆန(နိုင်)၀၀၈၄၁၉ နှင့် ဒေါ်ဇခုံဂျာနန်(ခ)ဒေါ်ကော့ဆိုင်း ၁/မကန(နိုင်) ၁၃၉၇၇၉ ဖြစ်ပါသည်။









ရွှေရည်ဦး

ဂုဏ်ထူးဦးအောင်နိုင်
Basic Grammar (2 Color)
Essays & Letters (3 Color)

အောင်ကောင်းစုံ
B.A(Eng)

Global Enchanting Education Centre
"English Classes for MOM"
(English+ Internet & E-mail)
Start Date 9th,13th July
July/ August
Contact us @ 09 73127074,09 5181316

မွန်မြတ်ဆေးခန်း
ရန်ကုန်မြို့ မော်လမြိုင်မြို့

LCCI - I II & III
Statistics
16 July
ORION...
09 73154401, 09 5115997

Auto Electrical & Electronic Products
Automatic Water-Pump Controller
AWPC

True Value
LUCKY BIRD Group of Companies
Real Time Tracking System

ဓမ္မတာလာစဉ် နာကျင်ကိုက်ခဲခြင်း၊
သွေးသားမမှန်ခြင်း ဝေဒနာများအတွက်
မြကေရီ


## ရေယာဉ်လေလံကြော်ငြာ

၁။ ဖမ်းဆီးရမိရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စစ်ထောက်ချုပ်ရုံးမှ ဖမ်းဆီးရမိ ရေယာဉ် ၂၂စင်းအား လေလံတင်ရောင်းချပွဲများကို အောက်ဖော်ပြပါမြို့/ရက်များအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

| စဉ် | ရေယာဉ်အမည်/ အမျိုးအစား | အတိုင်းအတာ (ပေ) | အင်ဂျင်/ မြင်းကောင်ရေ |
|---|---|---|---|
| **မြိတ် (၉-၇-၂၀၁၂)** | | | |
| ၁ | အမည်မရှိ၊သစ်ခိုးလှေ | ၆၀.၉×၈.၈×၃.၇ | ဂျင်ဒေါင်း၊ မြင်း-၂၅ (ဝမ်းထိုင် ၁ လုံး)၊ တရုတ်၊ မြင်း-၈/၁၀ (ဘေးချိတ် ၂ လုံး) |
| ၂ | အမည်မရှိ၊ တရားမဝင် မြန်မာသစ်ခိုးလှေ | ၅၇.၁×၁၂×၃.၆ | JIANYANG အင်ဂျင်၊ မြင်း-၂၈ |
| ၃ | အမည်မရှိ၊သစ်ခိုးလှေ | ၅၄.၆×၁၂×၄.၆ | တရုတ်နီ၊ မြင်း-၂၅ (ဝမ်းထိုင် ၁ လုံး)၊ တရုတ်နီ၊မြင်း-၈/၁၀ (ဘေးချိတ် ၁ လုံး) |
| ၄ | အမည်မရှိသစ်ခိုးလှေ | ၅၀×၈.၇×၂.၁၁ | တရုတ်၊ မြင်း-၈/၁၀ (ဘေးချိတ်နှစ်လုံး) |
| ၅ | ပြည်ကျော်စံ(၉) | ၇၈.၄×၁၉.၄×၈.၁ | ဟီးနိုးအီးကေ-၁၀၀၊ ၆လုံးထိုး၊ မြင်းဖတ်မရ |
| ၆ | အမည်မရှိ၊သစ်ခိုးလှေ | ၆၁.၁၀×၁၃.၁×၅.၃ | ဟီးနိုးအီးအိပ်ချ်-၁၀၀၊ ၆လုံးထိုး၊ မြင်း-၁၅၀၊ ရာမာ ရေစုပ်စက် ၁ လုံး |
| ၇ | ဖြိုးသစ္စာ၊သစ်ခိုးလှေ | ၇၅×၁၇.၉×၈.၅ | ဟီးနိုးအီးကေ-၁၀၀၊ ၆လုံးထိုး၊ မြင်း-၁၅၀၊ တရုတ်နီ၊ မြင်း-၈/၁၀ (မီးစက်)၊ တရုတ်နီ၊ မြင်း-၂၂ (ဝန်ချီစက်) |
| ၈ | အမည်မရှိ၊ သစ်ခိုးလှေ | ၄၆.၁၀×၁၀.၄×၃.၄ | တရုတ်၊ မြင်း-၈/၁၀ (ဘေးချိတ်-၂လုံး) |
| ၉ | အမည်မရှိ၊ငါးဖုံးခွဲလှေ | ၅၄.၆×၉.၈×၃.၄ | တရုတ်နီ၊ မြင်း-၂၅ (ဘေးချိတ်-၂လုံး) |
| **ပုသိမ် (၉-၇-၂၀၁၂)** | | | |
| ၁ | အမည်မရှိ၊ သစ်ခိုးလှေ | ၆၂.၅×၁၉.၅×၅ | မစ်ဆူဘီရှီ ၄လုံးထိုး၊ မြင်း-၄၅ |
| ၂ | ငွေတိုးအောင်၊သစ်ခိုးလှေ | ၅၂.၅×၁၄×၄.၅ | နီဆန်း ၄ လုံးထိုး၊ မြင်း-၄၅ |
| **ရန်ကုန် (၁၀-၇-၂၀၁၂)** | | | |
| ၁ | ကြံတိုင်းအောင်၊ တရားမဝင်သစ်မှောင်ခိုလှေ | ၅၀×၁၆×၆ | နီဆန်း ၄ လုံးထိုး၊ မြင်း-၆၅၊ ကမ်ဘို(ရေစုပ်စက်)၊ တရုတ်နီ၊ မြင်း-၅/၆ (ရေစုပ်စက်) |
| **မော်လမြိုင် (၁၂-၇-၂၀၁၂)** | | | |
| ၁ | အမည်မရှိ၊ဖောင်တွဲဆွဲလှေ | ၃၅×၆×၁ | တရုတ်နီ၊ မြင်း-၂၂ |
| ၂ | အမည်မရှိ၊ဖောင်တွဲဆွဲလှေ | ၃၅×၆×၁ | တရုတ်နီ၊ မြင်း-၂၂ |
| ၃ | အမည်မရှိ၊ဖောင်တွဲဆွဲလှေ | ၃၅×၆×၁ | တရုတ်နီ၊ မြင်း-၂၅ |
| **ကော့သောင်း (၁၂-၇-၂၀၁၂)** | | | |
| ၁ | အောင်စိန်လင်း၊ သစ်ခိုးလှေ | ၇၆.၇×၁၄.၆×၇.၆ | ဟီးနိုးအီးကေ-၁၀၀၊ ၆ လုံးထိုး၊ မြင်း-၂၈၀ |
| ၂ | အမည်မရှိ၊ငါးဖုံးခွဲလှေ | ၄၇.၅×၈.၄×၄.၂ | တရုတ်၊မြင်း-၁၈ (ဝမ်းထိုင်)၊ တရုတ်၊ မြင်း-၈/၁၀ (ဘေးချိတ် ၂လုံး) |
| ၃ | အမည်မရှိ၊သစ်ခိုးလှေ | ၅၇×၁၀×၄ | ဂွလင်း၊ မြင်း-၂၂ (ဘေးချိတ်)၊ ဂွလင်း၊ မြင်း-၂၅ (ဘေးချိတ်) |
| ၄ | အမည်မရှိ၊သစ်ခိုးလှေ | ၆၅×၈×၄ | ဟီးနိုးအီးအိပ်ချ်-၇၀၀၊ မြင်း -၁၅၀ |
| ၅ | အမည်မရှိ၊သစ်ခိုးလှေ | ၄၁.၈×၆×၂ | တရုတ်၊မြင်း-၈/၁၀(၁)လုံး |
| ၆ | အမည်မရှိ၊သစ်ခိုးလှေ | ၇၃.၀၁×၁၇.၀၂×၅.၀၉ | နီဆန်းပီဒီ-၆၊ မြင်း-၁၈၅၊ တရုတ်နီ၊ မြင်း-၈/၁၀ (ရေစုပ်စက်) |
| ၇ | အမည်မရှိ၊ ယိုးဒယားငါးခိုးလှေ | ၆၁.၃×၁၁.၁၀×၄.၈ | ဟီးနိုးအီးအိပ်ချ်-၇၀၀၊ မြင်း-ဖတ်မရ၊ တရုတ်နီ၊ မြင်း-၈/၁၀(မီးစက်) |

၂။ လေလံတင်ရောင်းချခြင်းအား အသေးစိတ်သိလိုပါက ဖမ်းဆီးရမိရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စစ်ထောက်ချုပ်ရုံးနှင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များသို့ စုံစမ်းနိုင်ပါသည်-

**ဖမ်းဆီးရမိရေယာဉ်များကြီးကြပ်ကွပ်ကဲရေးအဖွဲ့**
**စစ်ထောက်ချုပ်ရုံး**

| | |
|---|---|
| စစ်ထောက်ချုပ်ရုံး | -ဖုန်း-၀၃၆-၃၁၀၉၅၊ ၀၃၆-၃၁၁၁၈ |
| မြိတ်/ကော့သောင်း | -ဖုန်း-၀၃၇-၄၀၀၆၉၊ ၀၅၉-၅၁၆၆၁ |
| ပုသိမ် | -ဖုန်း-၀၃၁-၂၁၀၆၉၊ ၀၃၁-၂၁၀၇၀ |
| ရန်ကုန် | -ဖုန်း-၀၃၁-၂၅၉၅၃၊ ၀၃၁-၂၅၉၅၄ |
| မော်လမြိုင် | -ဖုန်း-၀၃၇-၃၀၀၅၃၊ ၀၃၇-၃၀၀၅၄ |

**အမည်ပြောင်း**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊နမ့်စန်မြို့၊ အထက တတိယတန်းမှ ဦးစိုင်းအောင်ပွင့် ၁၃/နစန(နိုင်)၀၇၂၇၂၈ ၏ သမီး နန်းခင်ထွေးအား နန်းလွမ်းခမ်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **နန်းလွမ်းခမ်း**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁(ကံဘဲ့)၊ မြေကွက်အမှတ် ၃/၃၅၊ ဧရိယာ ၀ ဒသမ ၀၇၆ ဧကရှိသော နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်နှင့် ဆက်နွှယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်အမည်ပေါက်ရှိသူထံမှ တရားဝင်ပိုင်ဆိုင်၊လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဗိုလ်မှူးအုန်းမြင့်(ငြိမ်း) ၁၂/မဂဒ(နိုင်) ၀၀၆၆၁၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အားပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း(စဉ်-၆၀၈၂)
B.A, H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်
အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊
၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၇၀၆၇၇၊၀၉-၇၃၂၀၇၅၂၅

## ရောင်းရန်

သဃ်န်းကျွန်းမြို့နယ်၊ သီရိရတနာရိပ်သာ၊ ရတနာလမ်းသွယ်၊ ပေ ၃၀× ပေ ၆၀ မြေကွက် ရောင်းရန်ရှိသည်။ (ဘောက်ထော်ဘူတာအနီး)၊ အမှန်တကယ်ဝယ်ယူရန် စိတ်ဝင်စားသူများသာ ဆက်သွယ်ပါရန်။

ဖုန်း-၀၉-၅၁၉၂၈၅၇
၀၁-၈၅၅၀၈၆၃

## အမည်မှန်

ဦးမာအဲဒတာကာရှိ၏ သမီး မသိမ့်ဇာခြည်ဦးအား မသွယ်သွယ်ထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မသွယ်သွယ်ထက်အောင်**

## ဖခင်အမည်မှန်

ယင်းမာပင်မြို့ အထက၊ တက္ကသိုလ်ဝင်တန်း(က)မှ မအေးငြိမ်းသူ၏ ဖခင်အမည်မှန်မှာဦးကျော်ငွေး ၅/ကဘလ(နိုင်)၀၂၁၉၄၅ ဖြစ်ပါသည်။

**ဦးကျော်ငွေး**

7-7 (13).pmd 1 7/7/2012, 2:30 AM

## ပုလဲမြေ ခရီးသွားလာရေးလုပ်ငန်းကုမ္ပဏီလီမိတက်
PEARL LAND TRAVELS & TOURS CO., LTD.

## ခင်နန္ဒာ နှင့် သွားကြမယ်

ရန်ကုန်မြို့တွင် ရုံးစိုက်၍ ...

| | | | | | |
|---|---|---|---|---|---|
| ၁၂-၁၀-၂၀၁၂ | ၂၆-၁၀-၂၀၁၂ | ၂-၁၁-၂၀၁၂ | ၉-၁၁-၂၀၁၂ | ၃၀-၁၁-၂၀၁၂ | ၇-၁၂-၂၀၁၂ |
| ၁၄-၁၂-၂၀၁၂ | ၂၈-၁၂-၂၀၁၂ | ၄-၁-၂၀၁၃ | ၁၁-၁-၂၀၁၃ | ၁၈-၁-၂၀၁၃ | ၁-၂-၂၀၁၃ |
| ၈-၂-၂၀၁၃ | ၁၅-၂-၂၀၁၃ | ၁-၃-၂၀၁၃ | ၈-၃-၂၀၁၃ | ၁၅-၃-၂၀၁၃ | ၆-၄-၂၀၁၃ |

Gandamar Wholesale

email: khinnandartravels@gmail.com Website: www.khinnandartravel.com

## Digital Life
Technology Journal

- CSS
- Google Nexus 7
- Digital Pages, Game Review, International New Products, Local New Products

e-mail: marketing.digitallife@gmail.com

## အရည်အသွေးစံချိန်မီ ကိန္နရီ ချည်ချောလုံချည်

မြန်မာ့ရိုးရာဝတ်စုံ ချိတ်ထဘီ ... ချည်ထည် ပိုးထည် ...

(အထူးအော်ဒါများလည်း လက်ခံပါသည်။)

ကိန္နရီအထည်ဆိုင် ... ရန်ကုန်မြို့ ဆိုင်ဖုန်း-၀၁-၅၂၆၂၂၈

## သင်္ချာ အင်္ဂလိပ်စာ သင်တန်း
Ph: 0951 72090, 0950 47516, 01-375970

## ယနေ့ခေတ်မီ ပညာသင်တန်း

Cascade Club Myanmar

## အသီမှော့မြန်မာ့ဘာသာရေးအသင်းကြီး
(၄၅)ကြိမ်မြောက် အသီမှော့စာတော်ပြန်ပွဲ

ရန်ကုန်မြို့ ဆူးလေစေတီတော်ရင်ပြင်ရှိ ...

ဆက်သွယ်ရန်- အသီမှော့မြန်မာ့ဘာသာရေးအသင်းကြီး




## တိုက်ခန်းငှားမည်
...AC-1MBR,Furniture
09-5132268, 09-5032761

## ညှိနှိုင်းဈေးဖြင့်ရောင်းမည်
FMI (City) ပေ (၄၀ x ၆၀)၊ နေရာကောင်း၊ အရှေ့လှည့်၊ အဆောင်ချဲ့ပြီး၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ 3MBR၊ AC နှစ်လုံး၊ လိုင်းဖုန်းပါ။
ကက၊ CNG၊ နေ့/ည ယာဉ်မောင်းလိုသည်။
ဖုန်း-၀၉-၄၉၂၇၇၈၈၆၊ ၀၉-၇၃၂၂၅၄၈၀၊ ၀၉-၅၀၀၉၂၃၃

## ရွှေပြည်သာမြို့နယ်မှ
အောက်ပါမြေကိုင်နှင့် မြေကွက်များဝယ်လိုသည်
င/11 င/12 င/13 င/14-15-16- ဓ/32
ဏ/40 တ/41 ထ/43 ဒ/63 စ/တိုးချဲ့(၄) ၅/တိုးချဲ့။
Light Speed (အကျိုးဆောင်)
ဖုန်း-၀၉-၇၃၀၆၂၇၃၂၊ ၀၉-၄၂၀၀၈၅၀၉၅



## ယဉ်ပျိုမဒီ
ယဉ်သူကိုလှ...
လှသူကို ပိုပိုနုပျိုစေမှာ ယဉ်ပျိုမဒီ... ပါ...။




## Study Overseas & Career Fair 2012
နိုင်ငံတကာပညာရေးနှင့် အလုပ်အကိုင်အစွန့်အလမ်းဆိုင်ရာပြပွဲ

For more information, please call: 01-535433, 01-242410, 01-541886, 02-73325, 02-73326, 02-73328

7 July 2012 (Saturday) 10:00 am - 4:00 pm PARKROYAL Yangon Hotel | 8 July 2012 (Sunday) 1:00 pm - 5:00 pm Mandalay SWAN Hotel

## YANGON LIFESTYLE & AUTOMOBILE SHOW
19.7.12 မှ 22.7.12 SMART BUSINESS GROUP Ph: 01-527583, 09 730 14777, 09 50 99079 တပ်မတော်ခန်းမ ရန်ကုန်မြို့

# ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

# မေးခွန်း (၆)ခု မေးမြန်းခြင်းနှင့်ဖြေကြားခြင်း၊ အဆို (၂)ခု တင်သွင်းခြင်းတို့ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၆

**ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၁၁)ဦးတို့ တက်ရောက်ကြသည်။**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အမျိုးသားလွှတ်တော်အစည်းအဝေး တတိယနေ့သို့ တက်ရောက်စဉ်။** (သတင်းစဉ်)

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာကော်မတီဥက္ကဋ္ဌ ဦးနေဝင်းထွန်းက အလှူငွေကျပ် သိန်း(၅၀၀)နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မိမိတို့၏ နေ့တွက်စရိတ်ရရှိငွေများမှ (၃)ရက်စာကို လှူဒါန်းထားကြောင်းနှင့် အလှူငွေလှူဒါန်းခြင်းအတွက် အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ရာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးနု မေးမြန်းသည့် “**အင်းစိန်ခရိုင်၊ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ**” မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက အင်းစိန်ခရိုင်ဘဏ်ခွဲသည် ဝန်ထမ်းအင်အား၊ လုပ်ငန်းပမာဏနှင့် လက်ရှိအဆောက်အအုံမှာ ကျဉ်းမြောင်းကျပ်တည်းစွာဖြင့် လုပ်ငန်းများဆောင်ရွက်နေရသည့်အတွက် ဝန်ထမ်းများနှင့် ဘဏ်သို့လာရောက်ဆက်သွယ်ဆောင်ရွက်နေရသောသူများအတွက် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိနေသဖြင့် ဘဏ်ခွဲအဆောက်အအုံသစ် လိုအပ်သည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။

မြန်မာ့စီးပွားရေးဘဏ်အနေနှင့် ဘဏ်နှင့်လာရောက်ဆက်သွယ်ဆောင်ရွက်သော Customers များ ဝင်ထွက်သွားလာမှု၊ ဘဏ်လုပ်ငန်းဆောင်ရွက်မှုများကို လက်ရှိနေရာတွင်ပင် အတတ်နိုင်ဆုံးကြိုးစားပြီး အဆင်ပြေချောမွေ့စွာဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း။

အင်းစိန်ဘဏ်ခွဲ အဆောက်အအုံသစ်ဆောက်လုပ်ရန်အတွက် လုံခြုံရေးကောင်းမွန်ပြီး အချက်အချာကျသည့်နေရာတွင် သင့်တော်သည့် မြေနေရာအကျယ်အဝန်းရရှိပါက ဘဏ်ခွဲအဆောက်အအုံသစ်ဆောက်လုပ်ရန် ရန်ပုံငွေတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိပါက ဘဏ်ခွဲအဆောက်အအုံသစ် ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု မေးမြန်းသည့် “**မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြတွင်ရှိသည့် အားကစားဝန်ကြီးဌာနပိုင် မြို့နယ်ပြည်သူ့**

*စာမျက်နှာ ၇ ကော်လံ ၁* ✻

ဆန်းသစ်တီထွင် မိုးမြင့်လင်းလက် - ရေးသည်

## မျက်မမြင်များ ဘေးကင်းစွာမောင်းနှင်နိုင်သည့် မော်တော်ကားအမျိုးအစားတီထွင်ထုတ်လုပ်

**နယူးယောက် ဇူလိုင် ၆**

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားစက်ရုပ်နည်းပညာသုတေသနဌာနမှ ပညာရှင်များက မျက်မမြင်များ ဘေးကင်းစွာမောင်းနှင်နိုင်သည့် မော်တော်ကားအမျိုးအစားသစ်ကို စမ်းသပ်တီထွင်ထုတ်လုပ်လိုက်ကြောင်း ဇူလိုင် ၅ ရက်က သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

အဆိုပါကားတွင် လေဆာရောင်ခြည်သုံး ခရီးအကွာအဝေးတိုင်းကိရိယာ၊ မော်တော်ကားမောင်းနှင်မှုနှင့်သက်ဆိုင်သော အချက်အလက်များကို အီလက်ထရွန်နစ်နည်းပညာဖြင့် ထည့်သွင်းထားသည့် မှတ်ဉာဏ်ပြားနှင့် ဂျီပီအက်စ်စနစ် အပါအဝင် မျက်မမြင်



ယာဉ်မောင်းအတွက် အထောက်အကူပြုကိရိယာများ ထည့်သွင်း တပ်ဆင်ထားသည်။ ထို့အပြင် မျက်မမြင်များ မော်တော်ကား မောင်းနှင်စဉ် ဘေးကင်း လုံခြုံရေး အတွက်

*စာမျက်နှာ ၅ ကော်လံ ၁* ○



## ရုပ်ရှင်မင်းသားနဲ့ ဒါရိုက်တာကလင့်အိစ်ဝုဒ်ရဲ့သမီး ရုပ်ရှင်မင်းသမီးဖရန့်ကာအိစ်ဝုဒ် ဇာတ်ကားသစ်ရိုက်ကူးမည်

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၆**

ရုပ်ရှင်မင်းသားနဲ့ ဒါရိုက်တာဖြစ်တဲ့ ကလင့်အိစ်ဝုဒ်ရဲ့သမီးဖြစ်တဲ့ ရုပ်ရှင်မင်းသမီး ဖရန့်ကာအိစ်ဝုဒ်ဟာ သူမရဲ့ဖခင်ဖြစ်သူ ကလင့်အိစ်ဝုဒ်ရဲ့ အကူအညီမပါဘဲ ရုပ်ရှင်ကားသစ်တစ်ကားမှာ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ရိုက်ကူးဖို့ စီစဉ်နေတယ်လို့ ဇူလိုင် ၅ ရက်က အင်တာနက်သတင်းမှာ ဖော်ပြထားပါတယ်။

အသက် ၁၈နှစ်သာရှိသေးတဲ့ ရုပ်ရှင်မင်းသမီးဖရန့်ကာအိစ်ဝုဒ် **(ဝဲပုံ)**ဟာ အရင်ကရုပ်ရှင်ကားတွေမှာပါဝင်သရုပ်ဆောင်ခဲ့တာဟာ ဖခင်ဖြစ်သူရဲ့ကူညီမှုနဲ့ သူမတို့ *စာမျက်နှာ ၅ ကော်လံ ၃* ■

## မြန်မာ့ရိုးရာရုပ်သေး ယူအေအီးနိုင်ငံသို့ သွားရောက်ဖျော်ဖြေ

ညွန့်သန်း - ရေးသားသည်

**ရန်ကုန် ဇူလိုင် ၆**

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့၌ နှစ်စဉ် ဇွန်၊ ဇူလိုင်လများ၌ ကျင်းပမြဲဖြစ်သည့် နွေရာသီဈေးရောင်းပွဲတော် (DSS-Dubai Summer Surprises 2012) ကို ယခုနှစ်တွင် (၁၅)ကြိမ်မြောက်ကျင်းပရာ နိုင်ငံတကာရုပ်သေးပွဲတော် (DPF-Dubai Puppet Festival) အနေဖြင့် ပထမဦးဆုံးအကြိမ် ထည့်သွင်းမည်ဖြစ်သဖြင့် မြန်မာနိုင်ငံမှ ထွေးဦး မြန်မာ့ရိုးရာယဉ်ကျေးမှု ရုပ်သေးအဖွဲ့ကို ဖိတ်ကြားခဲ့ကြောင်း သိရသည်။

အဆိုပါ (DSS 2012) ၏ DPF ရုပ်သေးပွဲတော်တွင် ထွေးဦး မြန်မာမှ ရုပ်သေးကပြဖျော်ဖြေမှုများသာမက ရုပ်သေး ပြုလုပ်ပုံ၊ တပ်ဆင်ပုံများကို သရုပ်ပြတင်ဆက်မည်ဖြစ်ပြီး ရုပ်သေးကြိုးဆွဲနည်းပညာများကိုပါ သင်ကြားပြသပေးမည်ဖြစ်သည်။

ရုပ်သေးပွဲတော်ကို ဒူဘိုင်းမြို့၏ နာမည်ကျော် Mirdif City Centre Shopping Mall တွင် ဇူလိုင် ၆ ရက်မှ ၁၄ ရက်အထိ ကိုးရက်တိုင်တိုင် နေ့စဉ် မွန်းလွဲ ၂ နာရီမှ ည ၁၀ နာရီအထိ နိုင်ငံတကာရုပ်သေးအဖွဲ့များက ကပြဖျော်ဖြေခြင်း၊ သရုပ်ပြတင်ဆက်ခြင်း၊ သင်ကြားပြသခြင်းများကို အလှည့်ကျ တင်ဆက်လျက်ရှိသည်။

ထွေးဦး မြန်မာ့ရိုးရာယဉ်ကျေးမှု ရုပ်သေးအဖွဲ့က တစ်ကြိမ်လျှင် *စာမျက်နှာ ၅ ကော်လံ ၃* ❒

## မြန်မာနိုင်ငံ၏ အသက်အရှည်ဆုံး အဘိုးအိုတဲ့လား

**မြစ်ငယ် ဇူလိုင် ၆**

သတင်းနှင့်ဓာတ်ပုံ
မောင်မောင်စိုး(မြစ်ငယ်)

ယနေ့ မြန်မာအမျိုးသားများတွင် ရှားရှားပါးပါး အသက် (၁၀၉) နှစ်ရှိပြီဖြစ်သောအဘိုး။ ကျန်းမာစွာဖြင့် အသက် (၁၀၉) နှစ် မွေးနေ့ကျင်းပသည့်ပွဲသို့ ရောက်ရှိခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့ စက်ကွေ့ရပ် ရန်ကုန်-မန္တလေး ကားလမ်းဘေး နေအိမ်တွင် အဘိုး ဦးသွင်၏ အသက် (၁၀၉) နှစ်ပြည့် မွေးနေ့အခမ်းအနားကို စာရေးသူ သွားရောက် ဂါရဝပြုကန်တော့ခဲ့သည်။ မှတ်မှတ်ရရ သတိထားမိသည်မှာ အမရပူရမြို့နယ်၌ ကမ္ဘာ့အသက်အရှည်ဆုံး အဘွားအဖြစ် အသိအမှတ်ပြုနိုင်သည့် အသက်

*စာမျက်နှာ ၅ ကော်လံ ၁* ✻

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

**၆-၇-၂၀၁၂**

| | |
|---|---|
| **ကျိုက္ခမီမြို့** | ၆ ဒသမ ၅၄ လက်မ |
| **ဘားအံမြို့** | ၅ ဒသမ ၃၅ လက်မ |
| **ပေါင်မြို့** | ၄ ဒသမ ၆၁ လက်မ |

## (၂၃)ကြိမ်မြောက် ကမ္ဘာ့အမျိုးသားဘော်လီဘောပြိုင်ပွဲ ယှဉ်ပြိုင် ကျူးဘားနှင့် ဘူလ်ဂေးရီးယားတို့ နိုင်ပွဲများရရှိ

မောင်မောင်မြင့်ဆွေ - ရေးသားသည်

**ဆိုဖီယာ ဇူလိုင် ၆**

ကမ္ဘာ့ဘော်လီဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၂၃)ကြိမ်မြောက် ကမ္ဘာ့အမျိုးသားဘော်လီဘောပြိုင်ပွဲများကို ဆိုဖီယာမြို့၌ ဇူလိုင် ၅ ရက်က စတင်ကျင်းပရာ ကျူးဘားအသင်းက ဘရာဇီးအသင်းကို သုံးပွဲပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(ယာပုံ)** ကျူးဘားအမျိုးသားဘော်လီဘောအသင်းသည် ဘရာဇီးအသင်းကို *စာမျက်နှာ ၅ ကော်လံ ၃* ◆



7-7 (20).pmd 1 7/7/2012, 2:31 AM